# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 20 August 2024 ၁၁၅၅၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အခမ်းအနားများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မေတ္တာအခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရွှေတိဂုံစေတီတော်ဂဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ကပ်လှူပူဇော်**

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော် ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင် ညွှန့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂




ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲ ကျင်းပစဉ်။

## ယနေ့ ဖတ်စရာ


**မေတ္တာတရားဖြင့် ဒေါသအပြစ်ဆင်ခြင်၍ သည်းခံခြင်းအကျိုး ရယူကြပါစို့**

ဆောင်းပါး

စာမျက်နှာ » ၆

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(Public Health Emergency of International Concern-PHEIC)အဖြစ် ကြေညာထားသော Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၈

**ဈေးနှုန်းတည်ငြိမ်ရန် ဆောင်ရွက်နေသည့်အပြင် ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန် အသစ်များလည်းရှိသည့်အတွက် ပြည်တွင်း ဆန်၊ စပါး ဖူလုံမှုအတွက် စိုးရိမ်ရန်မလိုကြောင်း MRF ဥက္ကဋ္ဌ ပြော**

စာမျက်နှာ » ၉

ကြေးမုံ

# သက်ရှည်ကျန်းမာရေး ဆီကိုလျှော့စားပေး

မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာအရ အစားအစာများစားသုံးရာတွင် ဆီမပါလျှင်မပြီး၊ ဆီမပါလျှင် မဖြစ်ဆိုသလို ဆီအမျိုးမျိုးနှင့်မကင်းသည့် အစားအစာများကို နေ့စဉ်စားသုံးကြသည်ကို တွေ့ရမည်ဖြစ်သည်။ ကျန်းမာရေးအရ ဆီကို သတိပြုစားသုံးရန်လိုအပ်သောကြောင့် သတိပေးပြောကြားလျက်ရှိသော်လည်း ဆီစားသုံးမှုကို မလျှော့နိုင်ဘဲ ကြုံသလိုစားသုံးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

စားသုံးဆီ၏ အကျိုးဆက်များကို သတိမမူဘဲ လိုသည်ထက် ပိုမိုစားသုံးကြသောကြောင့် ရောဂါအမျိုးမျိုးဖြစ်ပေါ် ကြုံတွေ့ခံစားနေကြရသည်ကို လက်တွေ့ကြုံကြရသည်။ မကူးစက်သောရောဂါအမျိုးမျိုးဖြစ်သည့် အဝလွန်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အူမကြီးကင်ဆာရောဂါ စသည့်ရောဂါတစ်မျိုးမျိုး ဖြစ်ပွားတတ်သည်ကို တွေ့ရမည်ဖြစ်သည်။ ရောဂါဖြစ်လာလျှင် ငွေကုန်ကြေးကျများလာမည်ဖြစ်သလို အလုပ်ပျက်အကိုင်ပျက်နှင့် ဒုက္ခအခက်အခဲအမျိုးမျိုးရောက်ကြရသည်ကို သတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် နေ့စဉ်စားသုံးနေသော ဆီများနှင့်ပတ်သက်၍ ကောင်းကျိုး၊ ဆိုးပြစ်များကို သိရှိထားရန်လိုအပ်သည်။ စားသုံးဆီအမျိုးမျိုးတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီ တတ်နိုင်သမျှ လျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီနှင့် လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများဟူ၍ သုံးမျိုးရှိသည်။ မပြည့်ဝဆီကို သင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော သွေးတွင်းအဆီဓာတ်ကို မြင့်တက်စေပြီး မကောင်းသောအဆီဓာတ်တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါ၊ ဆီးချိုရောဂါ စသည့်မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှုမှ လျော့နည်းစေပါသည်။ မပြည့်ဝဆီဆိုသည်မှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ငါးမှရရှိသော အဆီများဖြစ်ပါသည်။

ပြည့်ဝဆီကို စားသုံးခြင်းကြောင့် မကောင်းသော သွေးတွင်းအဆီဓာတ်များ လွန်ကဲစွာမြင့်တက်စေပြီး အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံများတွင် အဆီများကပ်၍ သွေးကြောကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေပါသည်။ ပြည့်ဝဆီဆိုသည်မှာ စားအုန်းဆီ၊ ဆီကြော် အစားအစာများ၊ တိရစ္ဆာန်မှ ရရှိသောအဆီများဖြစ်သည်။

အသွင်ပြောင်းဆီ စားသုံးခြင်းကြောင့် သွေးအတွင်း မကောင်းသောအဆီများ ပိုမိုမြင့်တက်စေခြင်း၊ ကောင်းသောသွေးတွင်းအဆီများ ကျစေခြင်း၊ အဝလွန်၊ ခန္ဓာကိုယ်ရောင်ရမ်း၊ ဆီးချို၊ သွေးချိုနှင့် အချို့သော ကင်ဆာရောဂါများကိုဖြစ်စေသည်။ အသွင်ပြောင်းဆီဆိုသည်မှာ ဟင်းရွက်ဆီများ၏ အနံ့အရသာကို ထိန်းရန်၊ ဆီပျက်စီးမှုကို ကာကွယ်ရန်နှင့် သက်တမ်းကြာရှည်စေရန် ခဲအောင်ဖန်တီးထားသော အဆီများဖြစ်သည်။ အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများတွင်ပါဝင်သည့် အဆီများဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးပါဝင်သည့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အစားအစာနှင့်ပတ်သက်သည့် စားသုံးဆီများတွင် လူတို့အတွက် ကျန်းမာရေးနှင့် ညီညွတ်စေသော ဆီထွက်သီးနှံများ စိုက်ပျိုးရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက်အောင်မြင်စေရန် အသင့်လျော်ဆုံးဖြစ်သည့် နေကြာဆီထွက်သီးနှံ အောင်မြင်ဖြစ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နေကြာသီးနှံကို သီးညှပ်စိုက်ပျိုးခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧကများ လျာထားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ နေကြာစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့် ဆောင်းစိုက်ဧက ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၂၇-၂၀၂၈ ခုနှစ်တွင် မိုးနှင့်ဆောင်း စုစုပေါင်းစိုက်ဧက ၃ ဒသမ ၀၇ သန်းစိုက်ပျိုးရန် လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။ ယခုအခါ စားသုံးဆီဈေးနှုန်းများမြင့်တက်လျက်ရှိပြီး အနိမ့်ဆုံးအဆင့် စားအုန်းဆီကိုပင် ပြည်ပမှ နှစ်စဉ်မှာယူတင်သွင်းလျက်ရှိပြီး ပြည်သူများ သက်သာသောနှုန်းထားဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးအရ အသင့်အတင့်သာ စားသုံးရန်သင့်သော ပြည့်ဝဆီဖြစ်သည့် စားအုန်းဆီကို အခြေခံပြည်သူများအနေဖြင့် အားထားစားသုံးနေရပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် မပြည့်ဝဆီများကိုစားသုံးရန် အလှမ်းဝေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် မပြည့်ဝဆီဖြစ်သော နေကြာဆီကို လုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် နှစ်အလိုက် စီမံကိန်းများချမှတ်၍ အထွက်နှုန်းတိုးလာအောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်၍ ပြည်သူများအနေဖြင့် မပြည့်ဝဆီများကို စားသုံးနိုင်ရေး၊ ပြည့်ဝဆီများကို လျှော့ချစားသုံးနိုင်ရေးနှင့် စားသုံးရန်မသင့်သည့်အသွင်ပြောင်းဆီဖြင့် ပြုလုပ်ထားသော အစားအစာအမျိုးမျိုးတို့ကို သတိပြုရှောင်ရှား၊ လျှော့ချစားသုံးကြပါရန် အကြံပြုတိုက်တွန်းအပ်ပါကြောင်း။ ။

## ဒေးဒရဲမြို့နယ်၌ နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူတော်မူခဲ့သည့် ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲ ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနား ကျင်းပ

ဒေးဒရဲ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံယူတော်မူခဲ့သော ဆရာတော်များအား မြို့နယ်အဆင့် ဂုဏ်ပြုပူဇော်ပွဲ ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားတွင် ကြွရောက်တော်မူလာသည့် ဆရာတော်များနှင့် တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဖျာပုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သလိပ်ကြီးကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝါသဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဂုဏ်ပြုပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရရှိခဲ့သည့် တော်ကမယ်ကျေးရွာ ပုပ္ပါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ရရှိခဲ့သည့် မော်အိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသီရိနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ရရှိခဲ့သည့် တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာစာရ ဆရာတော်ကြီး သုံးပါး၏ ထေရုပ္ပတ္တိကို ဖတ်ကြားခြင်း၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား တက်ရောက်လာသူများက ရှိခိုးဦးချကန်တော့ခြင်းနှင့် ဂုဏ်ပြုတေးထပ်၊ ရတုပိုဒ်စုံများဖြင့် သီဆိုပူဇော်ခဲ့ပြီး ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် ပင့်သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရှစ်မိုင်ကန်ဦးဇေတဝန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသက ရေစက်ချ အနုမောဒနာတရားချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများက ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀၈၄၆ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၉-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁၁-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၈-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၀,၈၄၆ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀.၁၁ ရာခိုင်နှုန်း ဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၈၃၇ | ၇,၅၄၇,၄၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၅,၄၈၂ | ၁၉,၁၂၁,၈၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၅၂ | ၉၁,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၁ | ၂,၈၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၆၆၅ | ၁,၁၃၈,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၃၀ | ၁,၀၅၇,၃၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၃,၂၁၈ | ၁၀,၂၉၇,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်တို့က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီး အကောင်းဆုံးဂိုးသမားဆု၊ အမျိုးသား အကောင်းဆုံးဂိုးသမားဆု၊ အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုနှင့် အမျိုးသား အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းအားလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**အနိုင်ရရှိ**

အလားတူ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ်ပြည်နယ်နှင့်တိုင်းဒေသကြီးအမျိုးသား ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခုနစ်ဂိုး-ခြောက်ဂိုးဖြင့်လည်းကောင်း၊ အမျိုးသားဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ရှစ်ဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဖူဆယ်အားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖူဆယ်အားကစားနည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထုအတွင်း ဖူဆယ်အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေး တို့အတွက် ရည်ရွယ်၍ ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်းနှင့် အမျိုးသမီး ၁၄ သင်းတို့မှ စုစုပေါင်းအားကစားသမား ၅၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏(၂၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ (၂၇) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တရားရုံးများသည် အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း မနစ်မြို့ဖွယ်မုဒိမ်းမှုများ၊ လူသတ်မှုများ စသည့် ကြီးလေးသည့်ပြစ်မှု ကျူးလွန်သူများအပေါ်တွင်လည်း ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ကြရန်လိုကြောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် အချိန်တိုအတွင်း အမှုများပြီးပြတ်သွားသည့်အတွက် တရားမမှုများ မှန်မှန်ကန်ကန်ဖြင့် မြန်ဆန်စွာပြီးပြတ်ရေး များစွာအထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရန် ဖြစ်ကြောင်း၊ တီထွင်မှု မူပိုင်ခွင့် ဥပဒေအရ စစ်ဆေးစီရင်ရန် မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းထားပြီးဖြစ်သည့်အပြင် တီထွင်မှု မူပိုင်ခွင့် ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ရေးဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများကိုလည်း ထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေသည့် အမှုများကိုလည်း ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေး ပြီးပြတ်ရေးအတွက် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး တရားရုံးများက မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ်ရန် လိုကြောင်း။

ထို့ပြင် သက်သေခံပစ္စည်းစီမံခန့်ခွဲသည့် အမိန့်အပေါ် တက်ရောက်သည့် အမှုများကိုလည်း အထက်တရားရုံးများက ဦးစားပေးကြားနာဆုံးဖြတ်ပေးရန် လိုကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားသူကြီးများအတွက် တရားစီရင်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိရာ ပြည်ပသို့အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပညာသင်စေလွှတ်ခြင်းဖြင့် ဒေသတွင်းတရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးကျေးဇူးများ ရရှိမည့်အပြင် တရားသူကြီးများ၏ စွမ်းရည်တိုးမြှင့်မှုကဏ္ဍအတွက်လည်း များစွာ အထောက်အကူဖြစ်စေပါကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မှားယွင်းမှုများ၊ အားနည်းချက်များမရှိစေရေး အဆင့်ဆင့် အလေးထား စိစစ်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် သေချာစွာစိစစ်ခြင်း မပြုမှုကြောင့် ဌာနအတွက်၊ နိုင်ငံအတွက် ထိခိုက်နစ်နာမှုများ မဖြစ်ပွားစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း လိုက်နာစောင့်ထိန်းကြရန်နှင့် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ၊ ဖြောင့်မတ်မှန်ကန်စွာ ထမ်းဆောင်သွားကြရန်ဖြစ်ကြောင်းပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားရေး ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြပြီး အစည်းအဝေးကို ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

# မအူပင်မြို့၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မအူပင် ဩဂုတ် ၁၉**

ဧရာဝတီတိုင်း ဒေသကြီး မအူပင်မြို့တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မအူပင်မြို့ရှိ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအဆင့် (၁၀-၁၅)နှစ် အဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မရွှန်းလဲ့မေက "သီရိရတနာ"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (၁၅-၂၀)နှစ် စောင်းအတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မအေးသန္တာစိုးက "မှိုင်းရိပ်ကယ်သည့်ကြိုး'' သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယ)တန်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကိုဝေလင်းဒိုးပတ်အဖွဲ့က လည်းကောင်း၊ အဆင့်မြင့်ပညာအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မောင်လှထွန်းခိုင်ဦးက အကဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မသက်ထားစံက အကဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (၁၅-၂၀)တယော အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မောင်ကောင်းချစ်ပိုင်စိုးက "ဝေဇယံနှင့်နန်းကြာ" သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ကူညီလှူဒါန်းခဲ့သည့် အလှူရှင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဘာသာရပ်အလိုက် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



**အောင်မြင့်မြတ်(ပြန်/ဆက်)**

# သရက်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်

**သရက် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သရက်ခရိုင်ရုံးမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်း တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ (Bakery & Snack) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ရွှေမုဋ္ဌောဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အမှာစကားပြောကြားပြီး သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထက်အောင်က သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) က သင်တန်းသား သင်တန်းသူများအား သင်တန်းတွင် အသုံးပြုရန် ကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲတို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲကျင်းပစဉ်။

# ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးဘေး၊ စိမ်းမြရေပန်းခြံအနီး၊ အမှတ် (၃၂၈) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]**၏ မှတ်ပုံတင် အမှတ်မှာ (၅၁) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**✪ ရှေ့ဖုံးမှ**

ထို့နောက် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အသံမစဲမေတ္တာပို့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ဖြဗ္ဗာများအားဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့်ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်း၊ ကမ္ဘာသူ ကမ္ဘာသား၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား စုပေါင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှစတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းများနှင့် ဝန်ထမ်းများက ပန်းစေတီများ ပင့်ဆောင်၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံ မုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက် အာရုံခံမုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများကလည်းကောင်း၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ပန်းစေတီများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလက်ာရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအားလှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာကေတမြို့နယ် တိပိဋကလင်္ကာရ ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအားဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် ဓမ္မပူဇာမင်္ဂလာသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ဂေါပကရုံး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက နတ်ဖြဗ္ဗာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောက ထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်းနှင့် ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမြင့်က မေတ္တာအခါတော်နေ့ မေတ္တာသုတ်ဓမ္မပူဇာမင်္ဂလာ ထောပနာအား မြွက်ကြား၍ ဝတ်အသင်းအဖွဲ့များက မေတ္တာသုတ်အမွှန်းနှင့် မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဆိုခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းခြင်း၊ မေတ္တာပို့ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ဆက်လက်၍ သက်လွှတ်ပွဲကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ငှက်များကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# ဒုတိယဝန်ကြီးဦးအောင်ကျော်ထွန်း ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဌာန/အဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် ပူတာအိုခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန လက်အောက်ရှိ ဌာန/အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ဌာနအလိုက် တာဝန်ရှိသူများက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ရှင်းလင်းဆောင်ရွက်ပေးပြီး ဌာနတာဝန်ခံများအနေဖြင့် မိမိဝန်ထမ်းများ၏



သက်သာချောင်ချိရေးနှင့် ခံစားခွင့် ကိစ္စရပ်များကို လစ်ဟင်းမှုမရှိစေဘဲ တတ်နိုင်သမျှအလေးထား ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံရပါက သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြသတင်းပို့ ဆောင်ရွက်သွားကြရန်၊ အောက်ခြေဝန်ထမ်းများအထိ လုံခြုံရေးအသိ၊ အမြင်များရှိစေရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားကြရန်မှာကြားကာ ပူတာအိုမြို့တွင် တာဝန် ထမ်းဆောင်နေသော ဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းများကို ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ၊ ကြက်သွန်နီ အစရှိသည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနအောက်ရှိ ဌာန/အဖွဲ့အစည်းများ၏ ရုံးအဆောက်အအုံများ၊ နေထိုင်စားသောက်မှု အခြေအနေများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ပူတာအိုလေဆိပ်သို့ရောက်ရှိပြီး လေကြောင်းဖြင့် ခရီးသွားလာလျက်ရှိသော ခရီးသွား လုပ်သားပြည်သူများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆိုက်ရောက်/ထွက်ခွာမှု အခြေအနေများ၊ လေဆိပ်တွင် အသုံးပြုလျက်ရှိသော X-ray စက်၊ CCTV များ ကောင်းမွန်မှု ရှိ/ မရှိ အခြေအနေများ၊ လေယာဉ်ပြေးလမ်းမီး အခြေအနေများ၊ လေကြောင်းထိန်းမျှော်စင်၏ ဆက်သွယ်ရေးစက်များ၊ လေကြောင်းထိန်းစနစ်များ ကောင်းမွန်မှု ရှိ/မရှိ အခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် ပြေးလမ်း၏ ဝဲ/ယာ မြက်ပင်ရှည်ချုံနွယ်များ ပုံမှန်ရှင်းလင်းထားရှိမှု အခြေအနေများနှင့် ပန်းနှမ်းပင်များ စိုက်ပျိုးရန် လျာထားသည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# မေတ္တာတရားဖြင့် ဒေါသအပြစ်ဆင်ခြင်၍ သည်းခံခြင်းအကျိုးရယူကြပါစို့

ဒေါက်တာမြတ်မိုး

ယနေ့ခေတ် ယနေ့ကာလလို လူအချင်းချင်း နှိပ်စက်ကြတဲ့ အခြေအနေမျိုး ယခင်က မရှိခဲ့ဖူး၊ မကြားခဲ့ဖူးပါ။

ဒေါသ၊ လောဘ၊ မောဟတရားဆိုးများကား များလှပေစွ။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်ချင်ပေမယ့် ဖြစ်ချင်တာမဖြစ်၊ ဘေးမသန်း၊ အေးချမ်းချင်ပေမယ့် မချမ်းသာ၊ လိုရာမပြည့် ခရီးကမရောက်။ ဆန္ဒတွေ အမှန်မဖြစ်တဲ့အပြင် သူ့ဆန္ဒထက် မိမိဆန္ဒကို ပိုရှေ့တန်းတင်သူက များလှတယ်။ မိမိတို့ ဖြစ်ချင်တာတွေ ကြည့်ပြန်တော့ အချို့က လမ်းလွဲနေပြန်တယ်။ သူ့အကျိုးကိုလိုလားဖို့ နေနေသာသာ ကိုယ့်အကျိုးကိုရှေးရှုသူက ပိုလို့များနေတယ်။ ပရစိတ်ထား၊ ပရအလုပ်ထက် အတ္တက ပိုများနေတဲ့ အခါ ခန္တီသည်းခံခြင်းလည်း ဘေးရောက်သွားရပြီ၊ ဒေါသက ရှေ့ဆောင်နေပါလား လောဘက ရှေ့ဆောင်နေပါလား သတိမထားမိတဲ့အခါ အမုန်းနဲ့ အာဃာတ က ကြီးထွားနှိပ်စက်ကြပြန်တယ်။ မေတ္တာလက်နက်နဲ့သာ နှိပ်စက်မှုတွေ၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ မဖြစ်မှုတွေ၊ မအေးချမ်းမှုတွေ၊ အတ္တ၊ လောဘ၊ ဒေါသ အမုန်းတရားတွေဆိုတာ တရားဆိုးတွေပါပဲ။ ဒီအကုသိုလ်တွေကြောင့်သာ ပတ်ဝန်းကျင်က မလှပ၊ လောကကြီးက မငြိမ်းချမ်းဟု သိတော့သိနေကြတယ်။ ထိုသူတို့ရဲ့လားရာဂတိကလည်း လားလားမှမကောင်းနိုင်။ သိသူသိကြပေမယ့် မကောင်းတာကို ပယ်ဖို့၊ ဆိုးတရားတွေကို ဖျက်ဆီးဖို့၊ မေတ္တာလက်နက်ကိုမူ သိသူနည်းပါတယ်။ မေတ္တာဆိုတာ သူတစ်ပါးအကျိုးကို လိုလားပြီး သူ့အကျိုးပျက်စီးမှာကို မလိုလားခြင်းပါပဲ။ ကိုယ့်အတွက် တစ်စုံတစ်ရာမပါ၊ လိုချင်တပ်မက်မှုကင်းပြီး သူ့အတွက် သက်သက်သာဖြစ်လို့ ရာဂကင်းတဲ့ သဘောကို ဆောင်ပါတယ်။

ဒီလို မြင့်တဲ့၊ မြတ်တဲ့ မေတ္တာတရားကို အကုသိုလ်ကိုပယ်ရှားမယ့် ကုသိုလ်လက်နက်တစ်ခု အဖြစ် အချို့သိကြပေမယ့် မကျင့်သုံးမိ၊ အသိလည်းမသိ ကျင့်လည်းမကျင့်နိုင်ကြလို့သာ လောဘမီး၊ ဒေါသမီးတွေကို အရှိန်မထိန်းနိုင်ခြင်းဖြစ်ရတယ်။ ဒီကုသိုလ် မေတ္တာလက်နက်က အလွန်ထိရောက်လှပါတယ်။ မေတ္တာတန်ခိုးကြီးမှန်းသိလို့ နေ့စဉ်လည်း ယုံကြည်မြတ်နိုးစွာနဲ့ ရွတ်ဖတ်ကြခြင်းသာ။ တစ်ခုပဲရှိတယ်..။ အနက်အဓိပ္ပာယ်ကို သိရှိပြီး ကြိုးစားရွတ်ဖတ်ပူဇော်က မေတ္တာအကျိုးကား ပိုအာနိသင်ရှိပါတယ်။ ယခု ကမ္ဘာနဲ့ မြန်မာအခြေအနေတွေအရ ကုသိုလ်လက်နက်ကို မချစတမ်း ကိုင်နိုင်ကြမှသာ ငြိမ်းချမ်းရေးလည်းရမယ်၊ ကုသိုလ်လုပ်ကြတာ အကုသိုလ်ကို ပယ်ဖို့ဖြစ်သလို မေတ္တာလက်နက်ကို အသုံးချခြင်းက ဒေါသကိုပယ်ဖို့သာ ဖြစ်ပါတယ်။ မေတ္တာလက်နက်ကို ကောင်းစွာအသုံးချနေသရွေ့ ဒေါသကို လျှော့ချနိုင်မှာမလွဲပါ။

**❝ တစ်စုံတစ်ဦးအပေါ်မှာ ဒေါသကြောင့် သေစေလိုတဲ့စိတ် ဖြစ်မိသွားတာက ဗျာပါဒပါ။ အာဃာတထက်ဆိုးတဲ့ ဗျာပါဒပါ။ တစ်ချိန်လုံးဖြစ်နေတဲ့ မကျေမနပ်စိတ်တွေကြောင့် အလွန်ဆိုးရွားတဲ့ ထိုအကုသိုလ်အမှုကြီးတွေ ဆက်တိုက်ဖြစ်သွားနိုင်ပါတယ်။ ဒီလို ဒေါသရဲ့ နောက်ဆက်တွဲ အကုသိုလ်တရားတွေဟာ အလွန်ဆိုးရွားလှတဲ့အတွက် ဒေါသရဲ့ ထိုအပြစ်တွေကို ဦးစွာဆင်ခြင်နိုင်ဖို့ လိုလာပါပြီ။ ဒေါသကြီးနေတဲ့လူတစ်ယောက်ဟာ အကြောင်းအကျိုးကိုမသိတော့တဲ့အပြင် အကောင်းအဆိုးကိုပါ မမြင်နိုင်တော့တဲ့အတွက် ဘေးကကြည့်ရင် အလွန်ရှက်စရာကောင်းလှပြီး ကြောက်စရာလည်း ကောင်းနေပါတယ် ❞**

မေတ္တာဆိုတဲ့ ကုသိုလ်တရားမြတ်ကို ရွတ်ဖတ်ပူဇော်ရုံသာမက ပွားများအားထုတ်မှုလည်း ပြုစေချင်ပါတယ်။ ပွားများအားထုတ်ခြင်းဖြင့်လည်း များပြားတဲ့အကျိုးတွေ ရနိုင်ပါတယ်။ သီလဆောက်တည်ခြင်းက ကာယကံ၊ ဝစီကံ အကုသိုလ်အမှုတွေမဖြစ်အောင် စောင့်စည်းသလို သမထဘာဝနာက မနောကံ အကုသိုလ်မဖြစ်အောင် စောင့်ရှောက်ပါတယ်။ သမာဓိစွမ်းအားက စိတ်ကိုစင်ကြယ်စေတယ်လို့ဆိုတဲ့အခါ သမထဘာဝနာ ကမ္မဋ္ဌာန်း ၄၀ မှာ တစ်ပါးဖြစ်တဲ့ မေတ္တာဘာဝနာကမ္မဋ္ဌာန်းက ယခုဘဝ ငြိမ်းချမ်းမှုအတွက်သာမက ဘဝဆက်တိုင်းဆက်တိုင်း အကုသိုလ်ကို ပယ်နိုင်တဲ့ ဘဝများကိုပါ ရရှိစေပါတယ်။ ဘဝဆက်တိုင်း ကောင်းကျိုးပေးမယ့် ကုသိုလ်ကံဖြစ်တဲ့အတွက် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနဲ့ ကြုံခိုက်မှာ စနစ်တကျနဲ့ ပွားများအားထုတ်ကြစေလိုပါတယ်။

### မေတ္တာအကျိုးအာနိသင်များ

မေတ္တာဘာဝနာကို ပွားများနိုင်လေလေ၊ သည်းခံခြင်းတရားလည်း ပြည့်လေလေ၊ အကျိုးကျေးဇူးဟာ ကိုယ်တွေ့ပါ။ မေတ္တာအကျိုးကြောင့် သည်းခံခြင်းက အရှုံးပေးရာ မရောက်ပါဘူး။ မေတ္တာရဲ့အကျိုးကို ဆင်ခြင်ရင်းနဲ့လည်း အမျက်ဒေါသ ပယ်ပျောက်သွားတဲ့အထိ အာနိသင်ရှိပါတယ်။ ဒါဆိုရင် မေတ္တာအကျိုးအာနိသင်တွေကို ဆင်ခြင်ကြည့်ရအောင်ပါ။ နေ့စဉ် ချမ်းချမ်းသာသာ အိပ်စက်ရ၊ နိုးထရ၊ အိပ်မက်ဆိုးမမက်၊ နတ်လူအများရဲ့ ချစ်ခင်မှုကိုရရှိပြီး နတ်တို့ရဲ့ အစောင့်အရှောက်ခံရ၊ မေတ္တာပွားထားတဲ့အတွက် မိမိခန္ဓာကိုယ်ပေါ်မှာလည်း အဆိပ်၊ မီးလက်နက်မကျရောက်နိုင်၊ စိတ်ကတည်ကြည်ပြီး မျက်နှာအဆင်းက ကြည်လင်နေတယ်။ သေရင်လည်း မတွေမဝေ သေရသလို အထက်မဂ်ဖိုလ်အထိ ထိုးထွင်းပေါက်ရောက်နိုင်ပြီး ဗြဟ္မာပြည်အထိပင် လားရောက်နိုင်တယ်လို့ မြတ်စွာဘုရားရှင်ရဲ့ ဟောထားချက်များကို ဝိသုဒ္ဓိမဂ်လာအတိုင်း နာယူထားဖူးပါတယ်။ အလွန်တရာအကျိုးများတဲ့ လောကီလောကုတ္တရာ ကျေးဇူးတွေပါပဲ။ ဒါကြောင့်လည်း မေတ္တာသုတ်ကို ရွတ်ဖတ်ဖို့ မေတ္တာဘာဝနာကို အားထုတ်နိုင်ဖို့ မေတ္တာရပ်ခံလိုခြင်း ဖြစ်ပါတယ်။

### ဒေါသမူလနဲ့အတူ တရားဆိုးများ

ဘာကြောင့်လဲဆိုတော့ မေတ္တာဟာ မြတ်တဲ့ အကျင့်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း အခြားသော ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများနည်းတူ မေတ္တာဗြဟ္မဝိဟာရလို့ ခေါ်ဝေါ်ရခြင်း ဖြစ်ပါတယ်။ မြတ်သောအကျင့်ဖြစ်လို့ ဒေါသကို ပယ်တယ်လို့လည်း နာယူခဲ့ဖူးပါပြီ။ ဒါပေမဲ့ ဒေါသရဲ့အပြစ်ကို ကြိုတင်သိနားလည်ထားမှလည်း ဒေါသကို ပယ်နိုင်မှာပါ။ ဒေါသအပြစ်သိထားမှ မေတ္တာကိုပွား မေတ္တာထားနိုင်မှာ ဖြစ်ပါတယ်။ ဒေါသက မကောင်းတဲ့ အကုသိုလ်။ ဘာလို့မကောင်းလဲဆိုတော့ မိမိရော သူတစ်ပါးကိုပါ ဖျက်ဆီးတတ်လို့ပါ။

ဒေါသမှာ ခက်ထန်ကြမ်းကြုတ်တဲ့ အဆိပ်လက္ခဏာရှိပြီး ကျန်တဲ့စိတ်အားလုံးကိုလည်း လွှမ်းမိုးနိုင်စွမ်းရှိသလို ဆွဲဆောင်နိုင်စွမ်းလည်း ရှိပါတယ်။ ခန္ဓာအဆိပ်တက်နေတဲ့ ဒေါသက ဦးဆောင်မိပြီဆိုရင် မလုပ်သင့်တာ အကုန်လုပ်၊ မဖြစ်သင့်တာ ဖြစ်တော့တာပါပဲ။ ဖျက်ဆီးမယ်၊ သတ်ဆိုလည်းသတ်တဲ့အထိ ဖြစ်သွားတယ်။ အာဃာတဆိုတဲ့တရားဆိုး ကြီးထွားလာခြင်းက ဒေါသမူလကြောင့်ပါ။ အာဃာတဆိုတာ တစ်စုံတစ်ယောက်အပေါ် ဒေါသထွက်ပြီး အကြီးအကျယ် မကျေမနပ်ဖြစ်ရာကနေ တစ်ချိန်ချိန်မှာ အန္တရာယ်ပေးဖို့အထိ စိတ်ထဲတေးမှတ်ထားခြင်း ဖြစ်ပါတယ်။ အာဃာတကျော့ကွင်းမှာ အမိခံရရင် ရုန်းထွက်ရခက်နိုင်သလို အာဃာတမိုးတိမ်အောက် ရောက်သွားရင်လည်း အမှောင်ထုထဲရောက်ရသလိုပါပဲ၊ အပါယ်သို့သာ လားရပါတော့တယ်။

တစ်စုံတစ်ဦးအပေါ်မှာ ဒေါသကြောင့် သေစေလိုတဲ့စိတ် ဖြစ်မိသွားတာက ဗျာပါဒပါ။ အာဃာတထက်ဆိုးတဲ့ ဗျာပါဒပါ။ တစ်ချိန်လုံးဖြစ်နေတဲ့ မကျေမနပ်စိတ်တွေကြောင့် အလွန်ဆိုးရွားတဲ့ ထိုအကုသိုလ်အမှုကြီးတွေ ဆက်တိုက်ဖြစ်သွားနိုင်ပါတယ်။ ဒီလို ဒေါသရဲ့နောက်ဆက်တွဲ အကုသိုလ်တရားတွေဟာ အလွန်ဆိုးရွားလှတဲ့အတွက် ဒေါသရဲ့ ထိုအပြစ်တွေကို ဦးစွာဆင်ခြင်နိုင်ဖို့ လိုလာပါပြီ။ ဒေါသကြီးနေတဲ့လူတစ်ယောက်ဟာ အကြောင်းအကျိုးကိုမသိတော့တဲ့အပြင် အကောင်းအဆိုးကိုပါ မမြင်နိုင်တော့တဲ့အတွက် ဘေးကကြည့်ရင် အလွန်ရှက်စရာကောင်းလှပြီး ကြောက်စရာလည်း ကောင်းနေပါတယ်။

ဒါကြောင့် သူ့ရဲ့ဒေါသကို ပြန်လည်တုံ့ပြန်ရာမှာ သတိပြုဖို့လိုပါမယ်။ ကြမ်းတမ်းခက်ထန်တဲ့သူရဲ့ အပြုအမူ၊ အပြောအဆိုအပေါ်မှာ စိတ်ကိုမထိန်းဘဲ မိမိကပြန်ပြီး ဒေါသနဲ့ တုံ့ပြန်လိုက်ခြင်းဟာ သူနဲ့အပြိုင် ယုတ်မာတဲ့သဘောပဲ ဖြစ်သွားပါတယ်။ ပိုပြီး ယုတ်မာတဲ့သူလည်း ဖြစ်သွားနိုင်တယ်။ ဆင်ခြင်နိုင်ဖို့ပါ။ သူမိုက်အမူ ငါပြန်ပြုရင် ငါလည်း သူ့လို လူမိုက်ဖြစ်ရမှာပဲလေ။ ဒါ့အပြင် ဒေါသထွက်နေခိုက်မှာ သူ့ကျေးဇူးနဲ့ သူကကိုယ့်အပေါ်ကောင်းခဲ့တာတွေကို မေ့လျော့နေတတ်ပါတယ်၊ သူ့အပြစ်ကိုသာ မြင်နေတတ်တဲ့အတွက် အကုသိုလ်က ပိုကြီးသွားပါတယ်။ ဒေါသအပြစ်အားလုံးကို ခြုံကြည့်လိုက်ရင် ကျက်သရေမင်္ဂလာမရှိ၊ မနှစ်မြို့စရာ အသွင်အပြင်ကိုသာ တွေ့မြင်ရပါလိမ့်မယ်။ ဒါကြောင့် ဒေါသရဲ့အပြစ်ကို ဒေါသဖြစ်တိုင်း ဖြစ်မိတိုင်းမှာ ဖြစ်တာနဲ့ ချက်ချင်းသိ၊ သတိလေးကပ်ပြီး ဆင်ခြင်တဲ့ အကျင့်လေးနဲ့ နေကြည့်လိုက်ပါ။ အကျိုးများစွာထူးပါတယ်။ ဒေါသရဲ့အပြစ်ကို ဆင်ခြင်နေမှလည်း ပို့သတဲ့မေတ္တာ၊ ပွားလိုက်တဲ့မေတ္တာက အစွမ်းထက်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခုလိုကာလ၊ အခုလိုဒေါသ အာဃာတထူပြောရာ အခြေအနေမျိုးမှာ ဒေါသရဲ့အပြစ်ကို များများဆင်ခြင်နိုင်လေ ကောင်းလေပါပဲ။

### သည်းခံခြင်းရဲ့အကျိုး

ဒေါသရဲ့အပြစ်ကို ဆင်ခြင်ခြင်းအပြင် သည်းခံခြင်းရဲ့ အကျိုးကျေးဇူးကို ဆင်ခြင်ခြင်းဖြင့်လည်း နောက်ဆက်တွဲဖြစ်လာမယ့် အကုသိုလ်တွေကို ရှောင်ရှားနိုင်ပါတယ်။ သည်းခံတတ်ခြင်းကြောင့် မေတ္တာပို့ရတာ၊ မေတ္တာပွားရတာ ပိုထိရောက်ပါတယ်။ ချုပ်တည်းခြင်းမည်တဲ့ သည်းခံခြင်းဆိုတာ အမြတ်ဆုံးသော အကျင့်တစ်ခုဖြစ်ပြီး စိတ်ဓာတ်ခွန်အားကို တိုးပွားစေပါတယ်။ ကိုယ့်အပေါ် တစ်ခုခု ဒေါသဖြစ်စရာကြုံလာတဲ့အခါ သူမသိလို့ ပြောတာပဲ၊ သူနားမလည်လို့ လုပ်မိတာပဲ၊ သူ့မှာလည်း ကောင်းတာတွေရှိခဲ့တာပဲ၊ ငါလည်း သူ့နေရာမှာဆိုရင်ရောဆိုတဲ့ အကောင်းကိုသာယူပြီး အဆိုးကို မယူတဲ့ ဆင်ခြင်မှုမျိုးဟာ တကယ့်သည်းခံခြင်းပါပဲ။

### ဒေါသကိုဖြေဖျောက်ဖို့

အမှန်တော့ ကျွန်တော်တို့ပါဝင်ပတ်သက်နေတဲ့ ဝန်းကျင်မှာက လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာဆိုးတွေ အများဆုံးလွှမ်းမိုးနေတယ်လို့ ထင်မိတယ်။ များသောအားဖြင့် သည်းခံစွမ်းအားနည်းကြပြီး စိတ်တွေမငြိမ်းချမ်းကြပါဘူး။ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့ဝေးနေသလို ထင်ရတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမတွေနဲ့ ဆရာတော်ကြီးတွေရဲ့ဩဝါဒတွေကို ထက်ထက်သန်သန်နဲ့ နာယူဆင်ခြင်နိုင်ရင် အမျက်ဒေါသကို ပယ်ဖျောက်နိုင်ပါတယ်။ မိမိခန္ဓာထိခိုက်ခံရရင်တောင် ကိုယ်သာနာစေပြီး စိတ်မနာမိအောင် သတိထားခြင်းဟာ ကောင်းသောဆင်ခြင်မှုဖြစ်ပြီး ကုသိုလ်စိတ်ကို ဖြစ်စေပါတယ်။

သူ့ဒေါသကို လိုက်ပါမတုပဘဲ သူ့အကုသိုလ်ကနေ၊ ကိုယ့်အကုသိုလ်မဖြစ်မိအောင် ဆင်ခြင်လိုက်တဲ့သဘောပါပဲ။ ကိုယ့်ဘက်က မခံချင်စရာဖြစ်တဲ့အခါ သူ့ကိုချည်းမမုန်းပါနဲ့ ဒေါသလည်း မထွက်ပါနဲ့လား။ ကိုယ့်ကိုယ်ကိုယ်သာ ပြန်ဆုံးမပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ ကံသာအမွေ၊ ကံသာကိုယ်ပိုင်ဥစ္စာလို့ ခံယူထားသူတွေဖြစ်ပါတယ်။ ကိုယ်ပြုခဲ့ဖူးတဲ့အတိတ်ကံကြောင့် ကိုယ့်ဆီလာနေတဲ့ သူ့ဒေါသကို ကိုယ်ကဒေါသနဲ့ ပြန်တုံ့ပြန်လိုက်ရင် ထိုကံအမွေကို နောင်ဘဝအတွက် ဆက်ခံသူဟာ ကိုယ်သာဖြစ်သွားပါလိမ့်မယ်။ သူ့ကို မီးနဲ့ ပစ်ဖို့ ကြိုးစားလျှင်ကိုယ်ပဲအရင်ပူ၊အရင်လောင်မယ့်သဘောပါပဲ။ သတိထားဆင်ခြင်မိဖို့ပါ။ **စာမျက်နှာ ၇ သို့ ○**

**❝ ဒေါသကိုဖြေဖျောက်ဖို့ နောက်ထပ် ဆင်ခြင်ရန်အချက်တွေ ရှိပါသေးတယ်။ ဒေါသဖြစ်မယ့် အခြေအနေမရောက်ခင်မှာတင် အထက်မှာပူဇော်ခဲ့တဲ့ မေတ္တာရဲ့ အကျိုးအာနိသင်တွေကို သတိတရနဲ့ အောက်မေ့ဆင်ခြင်စေလိုပါတယ်။ ထွက်မယ့်ဒေါသ ပြေပျောက်သွားနိုင်ပါတယ်။ ဒါ့အပြင် ယခုဘဝ လာဆုံနေကြရတဲ့သူတွေ၊ ကိုယ်မုန်းနေတဲ့သူ၊ ရန်သူအပါအဝင် ဆင်ခြင်ရမှာက ကျွန်တော်တို့အားလုံး ကိလေသာရဲ့ ကျွန်ဖြစ်ခဲ့သူ၊ ဖြစ်နေကြသူချည်းပါပဲ။ ယခုဘဝမှာ ပတ်သက်နေသူအားလုံးဟာ အတိတ်ဘဝ၊ ဘဝတွေမှာ ဆွေမျိုးတော်ခဲ့ကြဖူးတယ်။ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ၊ သားတွေ၊ သမီးတွေ ဖြစ်ခဲ့ကြဖူးမယ်။ တကယ်လည်း မတော်စပ်ခဲ့ဖူးသူ မရှိဘူးလို့ မြတ်စွာဘုရားရဲ့ ဟောကြားထားချက်အရ သိရှိရပါတယ် ❞**

## ရော်ဘာ၊ ကော်ဖီတွဲဖက်စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး အားပေးကူညီ

**နေပြည်တော် ဩဂုတ် ၁၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့က ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၃၆/၄ ရှိ Three Red Star ကုမ္ပဏီလီမိတက်၏ ရော်ဘာခြံ နှင့် ရော်ဘာ၊ ကော်ဖီ တွဲဖက်စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ရော်ဘာ ဧက ၁၀၀၀ စိုက်ပျိုးထားရှိမှုနှင့် မြေပြန့်ကော်ဖီမျိုး ၁၆၅ ဧက တွဲဖက်စိုက်ပျိုးထားရှိမှု၊ ကော်ဖီအသီး စတင်ဆွတ်ခူးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မေးမြန်းဆွေးနွေးပြီး အခြေအနေပေးသည့် ရော်ဘာခြံများအနေဖြင့် ကော်ဖီစိုက်ပျိုးလိုပါက လက်တွဲခေါ်ယူ အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီစေ့ကုန်ကြမ်းများများရပါက တန်ဖိုးမြင့်ကုန်ချော ထုတ်လုပ်တင်ပို့နိုင်မည့် ဈေးကွက်ချဲ့ထွင်ခြင်းကို ဆောင်ရွက်စေလိုကြောင်း၊ နည်းပညာနှင့် လိုအပ်ချက်များရှိပါက ဌာနက ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရော်ဘာခြံနှင့် ရော်ဘာ၊ ကော်ဖီတွဲဖက်စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများလာရောက်ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုပေးအပ်**

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ခြောက်ဆယ့်နှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား ပြည်ထောင်စုဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါစားသောက်ဖွယ်ရာများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၉**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး စက်ရုံရိပ်သာခန်းမ၌ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ သံရည်ကျိုအလုပ်ရုံ လည်ပတ်ရေးအတွက် ဌာနများအလိုက် ဆောင်ရွက်ရမည့် နည်းစဉ်များ၊ လျှပ်စစ်မီး၊ ရေ၊ ကုန်ကြမ်းများ စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ထားရှိရေး၊ ဝန်ထမ်းများအား စနစ်တကျ ပြန်လည်စုဖွဲ့၍ သံမဏိသံရည်ကျိုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စက်ရုံဝင်းအတွင်းရှိ Substation နှင့် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ သံရည်ကျိုလုပ်ငန်းဆောင်ရွက်နိုင်ရေး၊ စက်ပစ္စည်း၊ ထရန်စဖော်မာ၊ လျှပ်စစ်လိုင်းများ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် မှာကြားကာ စက်ရုံလုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စက်ရုံဝင်းအတွင်း သံရည်ကျိုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းအိမ်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ စာမျက်နှာ ၆ မှ

ဒေါသကို ဖြေဖျောက်ဖို့ နောက်ထပ်ဆင်ခြင်ရန်အချက်တွေ ရှိပါသေးတယ်။ ဒေါသဖြစ်မယ့်အခြေအနေမရောက်ခင်မှာတင် အထက်မှာပူဇော်ခဲ့တဲ့ မေတ္တာရဲ့ အကျိုးအာနိသင်တွေကို သတိတရနဲ့ အောက်မေ့ဆင်ခြင်စေလိုပါတယ်။ ထွက်မယ့်ဒေါသ ပြေပျောက်သွားနိုင်ပါတယ်။ ဒ့ါအပြင် ယခုဘဝ လာဆုံနေကြရတဲ့သူတွေ၊ ကိုယ်မုန်းနေတဲ့သူ၊ ရန်သူအပါအဝင် ဆင်ခြင်ရမှာက ကျွန်တော်တို့အားလုံး ကိလေသာရဲ့ကျွန်ဖြစ်ခဲ့သူ၊ ဖြစ်နေကြသူချည်းပါပဲ။ ယခုဘဝမှာ ပတ်သက်နေသူအားလုံးဟာ အတိတ်ဘဝ၊ ဘဝတွေမှာ ဆွေမျိုးတော်ခဲ့ကြဖူးတယ်။ အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ၊ သားတွေ၊ သမီးတွေ ဖြစ်ခဲ့ကြဖူးမယ်။ တကယ်လည်း မတော်စပ်ခဲ့ဖူးသူ မရှိဘူးလို့မြတ်စွာဘုရားရဲ့ ဟောကြားထားချက်အရ သိရှိရပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ဟာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတာမရှိ။ နာမ်နဲ့ရုပ်သာရှိတယ်လို့ နာယူခဲ့ရတဲ့ ဓမ္မအသိကတစ်ဆင့် ဒေါသဖြစ်ရတာ၊ ဒေါသစေတသိက်က သူ့အလုပ်သူလုပ်နေတာပါလားဆိုတဲ့ ဓမ္မနဲ့ယှဉ်တဲ့ကုသိုလ်အကျင့်ကို ပြုမိစေပြန်တယ်။ ဒါဆို ဘယ်သူက၊ ဘယ်သူ့ကို ဒေါသထွက်ရမှာလဲဆိုတဲ့ ဆင်ခြင်မှုဖြစ်ပြီး အမျက်ကို ပြေပျောက်စေပြန်ပါတယ်။

နောက်ထပ် ဒေါသကို ဖြေဖျောက်နည်းတစ်ခုကတော့ ဘာမှမမြဲတဲ့အနိစ္စသဘောပါပဲ။ ကြားရ၊ မြင်ရတဲ့အာရုံအားလုံးဟာ တိုက်ဆိုင်မှုတွေကြောင့်သာပါ။ အကြောင်းရှိလို့ အကျိုးဖြစ်ရသလို ဖြစ်ပြီးလည်းပျက်သွားတဲ့သဘောကို ဆင်ခြင်နိုင်ရင် မိမိရဲ့အမျက်ဒေါသဟာ ကျေပျက်သွားနိုင်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့အားလုံးမှာရှိနေတဲ့ မကောင်းတဲ့ အမျက်ဒေါသတွေကို ချေဖျက်ပြီး ကောင်းသောဆင်ခြင်မှုနဲ့ မေတ္တာပွားနိုင်အောင် ဆက်လက်ကြိုးစားနိုင်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကျွန်တော်တို့အားလုံး လူဖြစ်အခိုက်၊ သာသနာတော်နဲ့ ကြုံရဆုံရခဏလေးမှာ မေတ္တာတရားနဲ့အတူ ဉာဏ်အလင်းလည်းရပြီး အကျိုးမဲ့လမ်းမှားကို ရှောင်နိုင်ကြဖို့ဖြစ်ပါတယ်။ ပင်ပန်းဆင်းရဲလှတဲ့ ဒုက္ခဝန်းကျင်ကြီးမှာ ဒေါသရဲ့ အစေခံတွေ မဖြစ်စေဖို့လည်း ရည်ရွယ်ပါတယ်။ ဒါကြောင့်လည်း ဝါခေါင်လအခါသမယ မေတ္တာအခါတော်ကာလမှာ လုံးစုံများစွာ သတ္တဝါတို့ ဘေးရန်ကင်းကြပြီး စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းကင်းကာ ချမ်းသာသုခနဲ့ ပြည့်စုံကြ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေလို့သာ မေတ္တာဘာဝနာပွားများလျက် ပူဇော်အထူးပြုလိုက်ရပါတယ်။ ။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern-PHEIC)အဖြစ် ကြေညာထားသော Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၈-၂၀၂၄)

၁။ (၂၀၂၄)ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ(DRC)နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ အရှေ့ပိုင်းတွင် ရောဂါပိုးမျိုးကွဲအသစ်(Clade Ib) လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄)ခုနှစ်၊ ဩဂုတ်လ၊ (၁၄)ရက်နေ့တွင် Mpox(မျောက်ကျောက်)ရောဂါ ကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Mpox(မျောက်ကျောက်)ရောဂါအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC)အဖြစ် (၂၀၂၂)ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ပထမအကြိမ်ထုတ်ပြန်ကြေညာခဲ့စဉ်ကပင် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာစောင့်ကြပ်ကြည့်ရှုခြင်း(Fever with Vesicular Rash Surveillance)လုပ်ငန်းအား နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားမှုသိသာစွာ ကျဆင်းလာသည့်အတွက် (၂၀၂၃)ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမှ ဖြေလျှော့ခဲ့သော်လည်း မြန်မာနိုင်ငံတွင် ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်းအား ဆက်လက်ဆောင်ရွက်ခဲ့ရာ (၂၀၂၂)ခုနှစ်မှ လက်ရှိအချိန်အထိ သံသယလူနာများ၏ ခါတ်ခွဲနမူနာ (၁၂၉)ခုအား ခါတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် Mpox (မျောက်ကျောက်) ရောဂါ အတည်ပြုလူနာ မရှိသေးကြောင်း တွေ့ရှိရပါသည်။

၃။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox(မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့အား အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

၄။ Mpox(မျောက်ကျောက်)ရောဂါသည် လိင်မှတစ်ဆင့် ကူးစက်ခြင်း၊ အရေပြားထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းတို့ဖြင့် ကူးစက်ခြင်း၊ ရောဂါပိုးကပ်ငြိနေသော အရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့ခြင်း၊ ရောဂါပိုးကူးစက်ခံရသော တိရစ္ဆာန်နှင့် တိုက်ရိုက် ထိတွေ့ခြင်းတို့ဖြင့် ကူးစက်ခြင်းများအားဖြင့် အဓိက ကူးစက်နိုင်ပါသည်။

၅။ Mpox(မျောက်ကျောက်)ရောဂါသံသယလက္ခဏာခံစားနေရသူနှင့် အနီးကပ်ထိတွေ့မှုကို ရှောင်ကြဉ်ခြင်း၊ အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(mask)ကို တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာနှင့် ရေ(သို့မဟုတ်) ရေမလိုလက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ သံသယရောဂါလက္ခဏာ ခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုယ်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

၆။ ပြည်သူလူထုအနေဖြင့် ဖျား၍ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ပြန်ရည်အိတ်(lymph node)များ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း အစရှိသော လက္ခဏာများရှိခြင်း၊ ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာခံစားနေရသူများ (အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ လွန်ခဲ့သော ၂၁ ရက်အတွင်း ပြန်လာသူများ) နှင့် ထိတွေ့မိခြင်းရှိပါက နိုင်ငံတကာ(သို့မဟုတ်) ပြည်တွင်းခရီးသွားခြင်းကို ရှောင်ကြဉ်သင့်ပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့၍ ကုသမှုခံယူကြပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၉**

Mpox(မျောက်ကျောက်)ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက Mpox (မျောက်ကျောက်)ရောဂါသည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ကြောင်းကို ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ဗဟိုအာဖရိကနှင့် အနောက်အာဖရိကတွင် ပုံမှန်အနေဖြင့်သာ ကူးစက်ဖြစ်ပွားလေ့ရှိသော ရောဂါအဖြစ်ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အခြားနိုင်ငံအချို့သို့ပါ ကူးစက်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကပ်အသွင် ကူးစက်ဖြစ်ပွားခဲ့၍ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (PHEIC) အဖြစ်သတ်မှတ်ကြေညာ၍ တုံ့ပြန်ဆောင်ရွက်ခဲ့ရာ ဖြစ်ပွားမှုသိသာစွာ ကျဆင်းလာသည့်အတွက် ၂၀၂၃ ခုနှစ် မေ ၁၁ ရက်တွင် PHEIC အခြေအနေမှ ရုပ်သိမ်းခဲ့ကြောင်း၊

ယခု ၂၀၂၄ ခုနှစ်အတွင်း ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ(DRC) နှင့် အာဖရိကတိုက်ရှိ နိုင်ငံများတွင် Mpox(မျောက်ကျောက်) ရောဂါကူးစက်ဖြစ်ပွားမှု အရှိန်မြင့်တက်လာခြင်း၊ Mpox(မျောက်ကျောက်)ရောဂါ၏ မျိုးကွဲအသစ် (Clade Ib)သည် ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့လာပြီး နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာ ကူးစက်ပျံ့နှံ့မှုများ ရှိနေခြင်းကြောင့် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေ(PHEIC) အဖြစ် ပြန်လည်သတ်မှတ်ခြင်း ဖြစ်သည်ဟု သိရှိရပါကြောင်း၊ မိမိတို့ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်း နိုင်ငံများတွင်လည်း Mpox(မျောက်ကျောက်)ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ ရှိနေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ Mpox(မျောက်ကျောက်)ရောဂါ ကူးစက်ဝင်ရောက်ပြန့်ပွားမှု မရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ သတ်မှတ်ချက်များအရ မြန်မာနိုင်ငံတွင် Mpox(မျောက်ကျောက်) ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေ အလွန်နည်းပါးကြောင်း၊ Mpox (မျောက်ကျောက်) ရောဂါသည် ရောဂါဖြစ်ပွားသူ လူနာနှင့် အနီးကပ်ထိတွေ့ ဆက်ဆံမှုမှ တစ်ဆင့် အဓိကကူးစက်နိုင်သည့် အတွက် လူတစ်ဦးချင်းအလိုက် တစ်ကိုယ်ရေ ရောဂါကာကွယ်ရေး အသိ၊ သတိတို့ဖြင့် ပြုမူနေထိုင်၍ ကာကွယ်နိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ်မှ လက်ရှိအချိန်အထိ လူနာများ၏ ခါတ်ခွဲနမူနာ ၁၂၉ ခုကို **ခါတ်ခွဲစစ်ဆေးခဲ့ရာတွင် Mpox(မျောက်ကျောက်)ရောဂါ အတည်ပြုလူနာ တွေ့ရှိခြင်း မရှိသေးပါကြောင်း၊** ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုချက်များ တိကျစွာထုတ်ပြန်ထားရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အကြံပြုချက်များကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်တင်၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များတွင် Mpox(မျောက်ကျောက်) ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုကို မထိခိုက်စေဘဲ အထူးအလေးထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကမ္ဘာ့နိုင်ငံများတွင် Mpox (မျောက်ကျောက်)ရောဂါဖြစ်ပွားမှုနှင့် မြန်မာနိုင်ငံတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက နိုင်ငံဖြတ်ကျော် ဝင်၊ ထွက်ပေါက်များ အပါအဝင် လူထုအတွင်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း တိုးမြှင့်ဆောင်ရွက်ခြင်း၊ သီးခြားထားရှိ ကုသမှုပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ စံကိုက်ကုထုံးများ သတ်မှတ်ခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ စုဆောင်းထားရှိခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

သုံးနှစ်ဆက် ပရီမီယာလိဂ် ရွှေဖိနပ်ဆုရှင်ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ ကစားသမား ၁၁ ဦးကို ပြောင်းရွှေ့ကြေးပေါင် ၁၈၅ သန်းအထိပေးပြီး ခေါ်ယူအားဖြည့်ခဲ့ပေမယ့် အသင်းရဲ့ရလဒ်ပိုင်းကတော့ ဆိုးရွားခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ် ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် Tabletနှင့် ဆက်စပ်ပစ္စည်းများ၊ သင်တန်းလမ်းညွှန်စာအုပ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် အထောက်အကူပြုပစ္စည်းများပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့မှစ၍ ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ခရိုင်အဆင့်နည်းပြသင်တန်းနှင့် မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းများကိုလည်း သတ်မှတ်ချိန်အတိုင်း ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ပြေးခုန်ပစ်အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၅) ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၉**

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၅) ဖွင့်ပွဲအခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းသား သင်တန်းသူများအနေဖြင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် ကောင်းမွန်ပြီး အဂတိတရားကင်းရှင်းကာ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကိုရရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် လေ့လာသင်ယူဆည်းပူးသွားကြရန် လိုအပ်ပါကြောင်းနှင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)တွင်ဖွင့်လှစ်သော အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၅)သို့ သင်တန်းသား ၁၁၅ ဦး၊ သင်တန်းသူ ၅၆ ဦး စုစုပေါင်း ၁၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**တန့်ယန်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ပန်နွဲ့ကျေးရွာအုပ်စု နားညုကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် နားညုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**JJJ**

# ဈေးနှုန်း တည်ငြိမ်ရန်ဆောင်ရွက်နေသည့်အပြင် ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန်အသစ်များလည်းရှိသည့်အတွက် ပြည်တွင်း ဆန်စပါးဖူလုံမှုအတွက် စိုးရိမ်ရန်မလိုကြောင်း MRF ဥက္ကဋ္ဌ ပြော

**ရန်ကုန် ဩဂုတ် ၁၉**

ဈေးနှုန်းတည်ငြိမ်ရန် ဆောင်ရွက်နေသည့်အပြင် ပြီးခဲ့သည့်နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းနှင့် နွေစပါးဆန်အသစ်များလည်း ရှိသည့်အတွက် ပြည်တွင်းဆန်ဖူလုံမှု အပြည့်အဝရှိ၍ စိုးရိမ်စရာမရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

"ဆန်လည်း လုံလုံလောက်လောက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မနှစ်က ဆန်အဟောင်းလည်း ရှိတယ်။ နွေစပါးပေါ်တဲ့ ဆန်အသစ်လည်း ရှိတယ်။ နေပြည်တော်ကောင်စီအလယ်ပိုင်းဒေသဆိုရင် နွေစပါးအခုပေါ်နေတဲ့အချိန်။ ပြီးခဲ့တဲ့နှစ်က ဆန်အဟောင်း၊ စပါးအဟောင်းလည်း ရှိတာဖြစ်တဲ့အတွက် ပြည်တွင်း ဖူလုံမှုက အပြည့်အဝရှိပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်စရာတော့ မရှိပါဘူး။ ဈေးနှုန်းတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်နေတဲ့အနေအထားလည်း ရှိပါတယ်။ ဒါကြောင့်မို့ ဆန်ဖူလုံမှု အပြည့်အဝရှိတယ်။ ပြည်တွင်းဆန်ဖူလုံမှုက လက်ရှိဆန်အဟောင်း၊ စပါးဟောင်းတွေလည်း ရှိတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး"ဟု ဦးရဲမင်းအောင်က ပြောသည်။

အဓိကကျသည့် ဈေးကွက်ကြီးသုံးခုဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးသို့ ဆန်အဝင်၊ အထွက်မှန်ကန်ရန်နှင့် ဆန်ဈေးနှုန်းတည်ငြိမ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လစဉ်ထုတ်သည့်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်လည်း တစ်ဖက်မှ ဖော်ဆောင်နေသည့် အနေအထားဖြစ်ပြီး တစ်ဖက်တွင်လည်း ပြည်သူလူထုအတွက် သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးသည့် အစီအစဉ်များ လုပ်ဆောင်နေကြောင်း သိရသည်။



နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ဆန်ကုန်သည်နှင့် ဆန်စက်လုပ်ငန်းရှင်များအသင်း အခြေခံစားသုံးသူပြည်သူများသို့ သက်သာသောနှုန်းဖြင့် ဆန်များ ရောင်းချပေးနေစဉ်။

"ကျွန်တော်တိုလည်း တတ်နိုင်သလောက်လုပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဆန်စပါးဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်တာ မဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံက ပုဂ္ဂလိကဈေးကွက်စီးပွားရေးစနစ်နဲ့ သွားတာဖြစ်တဲ့အတွက် ဝယ်တာ၊ ရောင်းတာကို တောင်သူတွေကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဆန်စက်ပိုင်ရှင်တွေကလည်း လွတ်လွတ်လပ်လပ် ရောင်းနိုင်တယ်။ ဒါပေမဲ့ အခုတော့ ရည်ညွှန်းဈေး ရှိတာဖြစ်တဲ့အတွက် ရည်ညွှန်းဈေးနဲ့အားလုံး ရောင်းရတဲ့အနေအထား ရှိတယ်။ ရည်ညွှန်းဈေးကို ကျော်လွန်ပြီးတော့ ဆောင်ရွက်လို့မရတဲ့အနေအထားရှိပါတယ်။ ဒီအပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာ ဆောင်ရွက်နိုင်အောင်လည်း တိုက်တွန်းပြီးစီစဉ်နေပါတယ်။ လတ်တလောမှာကတော့ ဆန်ဈေးအနေနဲ့ပြောမယ်ဆိုရင် တည်ငြိမ်တဲ့ အနေအထားတစ်ခုကိုရှိတယ်လိုတော့ အကြမ်းဖျင်းပြောလို့ရတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**MT**

# မော်လမြိုင်မြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



မော်လမြိုင် ဩဂုတ် ၁၉

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဗီဒီယိုပြသခဲ့မှု အပေါ် ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိများက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊ အသက်ငါးနှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ပြခန်းများနှင့် အချက်အပြုတ်ပြိုင်ပွဲကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး အချက်အပြုတ်ပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသည့် မြို့နယ်အသီးသီးရှိ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပ

မြဝတီ ဩဂုတ် ၁၉

ကရင်ပြည်နယ် မြဝတီမြို့ ကရင်အမျိုးသားထာဝရနှစ်သစ်ကူးကွင်းတွင် (၂၃)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ (လက်ချည်) မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းမှ သဘာပတိ ဦးစောထွန်းဝေက အမှာစကားပြောကြားသည်။ ထို့နောက် တောင်ကလေး အေးရိပ်သာကျောင်း ဆရာတော် အရှင် အဂ္ဂဝံသ အရှင်သူမြတ်က ဩဝါဒစကားမြွက်ကြားပေးပြီး မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါ်စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားပေးပြီး အလှူရှင်များအား တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ချည်ဖြူဖွဲ့မင်္ဂလာကျင်းပခဲ့ရာ တက်ရောက်လာသူများနှင့် ဒေသခံကရင်တိုင်းရင်းသား ရပ်မိရပ်ဖများက အဘိုး အဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာ ခံယူခဲ့ကြကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

# ဟသ်ာတမြို့နယ်၌ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

ဟသ်ာတ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် တတိယပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အဆိုပါ လှုပ်ရှားမှုများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင် ဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုယ်ဝန်ဆောင် မိခင်များအား ကိုယ်ဝန်ဆောင် သံဓာတ်အားဆေး၊ သံချဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ နို့တိုက်မိခင်များအား ဗီတာမင်ဘီဝမ်းဆေးပြား၊ ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝစွာ ပြင်ဆင်ချက်ပြုတ် စားသောက်တတ်စေရန်နှင့် အစာအုပ်စုသုံးမျိုး အကြောင်း ကျန်းမာရေးအသိပညာပေးခဲ့ကြသည်။



ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းယုရွှေက ကိုယ်ဝန်ဆောင်စဉ် လုံလောက်သည့် အာဟာရဖြည့်တင်းနိုင်ရန်နှင့် မိခင်နှင့် ကလေးများ အာဟာရလိုအပ်ချက်ကောင်းမွန်စွာ ရရှိနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးစမှ အသက်နှစ်နှစ်ထိ ကလေးငယ်များကို ထောက်ပံ့ကြေးများ ပေးအပ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကာ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များကလည်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ကြက်ဥနှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ပြုလုပ်

သံဖြူဇရပ် ဩဂုတ် ၁၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အစီအစဉ်ကို ဩဂုတ် ၁၈ ရက်မွန်းလွဲပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ပညာ့ဗိမာန်)ခန်းမ၌ ကျင်းပသည်။



အဆိုပါ လှုပ်ရှားမှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု၏ ဆောင်ပုဒ်ဖြစ်သည့် "ဗလငါးတန်ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေးအလေးပေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်း၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်း၊ ကျန်းမာရေးအသိပညာပေး မေးခွန်းများဖြေဆိုခြင်း၊ ပန်းချီ ပြိုင်ပွဲများဆောင်ရွက်ပေးခြင်း စသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မသီ(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ချောင်းဆုံ ဩဂုတ် ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒေသခံပြည်သူများအား အာဟာရဖွံ့ဖြိုးရေးအတွက် ရက်သတ္တပတ်လှုပ်ရှားမှုများကို ပြည်သူ့ဆေးရုံ၊



တိုက်နယ်ဆေးရုံ၊ မိခင်ကလေးကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ၊ ရပ်ကွက်/ကျေးရွာများ၌ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က မိခင်ကလေးကျန်းမာရေးဌာနတွင် ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနား ဆောင်ရွက်ကြသည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများကို မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်း ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်ကလေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ ကိုယ်ဝန်ဆောင်များအား စောင့်ရှောက်မှုနှင့် မီးတွင်းမိခင်ကျန်းမာရေး စောင့်ရှောက်ရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လိုအပ်သည့်ဆေးဝါးများ၊ ကြက်ဥနှင့် အိုင်အိုဒင်းဆားများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

☆ မြန်မာ ယူ-၁၂ မှ

မြန်မာ ယူ-၁၂ အသင်းသည် U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၀ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီမိနစ် ၂၀ တွင် Tozuka လူငယ်အသင်း၊ မြန်မာစံတော်ချိန် နံနက် ၈ နာရီမိနစ် ၅၀ တွင် ကာရီမာအန်တလာလူငယ်အသင်း၊ ဩဂုတ် ၂၁ ရက်တွင် ဘာဆာရာဟိုဂို လူငယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးမင်းသူက ကိုင်တွယ်နေပြီး အကယ်ဒမီကျောင်းများ နှင့် ပြည်နယ်/တိုင်းဒေသကြီးတို့မှ အလားအလာရှိသည့် လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ချမ်းအေးသာစံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ



မန္တလေး ဩဂုတ် ၁၉

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရန် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှု၊ တိုင်းဒေသကြီးသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများ၊ သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေး အသိပညာပေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များ ရရှိနိုင်မည့်တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းပါ အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာ ကောက်ယူနိုင်မှသာ အရည်အသွေးကောင်းမွန်ပြီး အောင်မြင်မည်ဖြစ်ရာ စာရင်းစစ်၊ စာရင်းကောက်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးစားအားထုတ်မှုတို့၏ အခန်းကဏ္ဍသည် အထူးပင်အရေးကြီးကြောင်း၊ သင်တန်းကာလမှာ ၁၀ ရက်တာဖြစ်ပြီး သင်တန်းသားအများစုသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှု အတွေ့အကြုံများရှိပြီးသားဖြစ်သည့်အတွက် သင်တန်းက ဆွေးနွေးပို့ချချက်များ၊ အတွေ့အကြုံများ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့် ပေါင်းစပ်ပြီး မြေပြင်အခြေအနေနှင့် ကိုက်ညီအောင် အကောင်းဆုံး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် သန်းခေါင်စာရင်းဆိုင်ရာ TV Spot အား ပြသပြီးနောက် တိုင်းဒေသကြီးသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက သင်တန်းသားတစ်ဦးအား သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသောသန်းခေါင်စာရင်းလူထုအသိပညာပေး လှုံ့ဆော်ရေးပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ တိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အတွက် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၃၀၀ ကျော် ခန့်ထားပြီးဖြစ်ကြောင်းနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းမငယ်ရေလှောင်တမံ၌ ယခင်နှစ် အလားတူကာလထက် ရေဧကပေ ၂၃၀၀၀ ခန့် ပိုမိုထိန်းသိမ်းသိုလှောင်နိုင်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီး ချောင်းမငယ် ဆည်ရေသောက်စနစ်အတွင်းရှိ ဆင်အုံကန်ကို ကြည့်ရှုစစ်ဆေးသည်။

## ဆွေးနွေးပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ချောင်းမငယ် ရေလှောင်တမံအနေဖြင့် ယခင်နှစ် အလားတူကာလထက် ရေဧကပေ ၂၃၀၀၀ ခန့် ပိုမိုထိန်းသိမ်း သိုလှောင်နိုင်လျက်ရှိသဖြင့် ဆောင်းသီးနှံ၊ နွေစပါးအပါအဝင် သီးထပ်သီးနှံ သုံးသီးအပြည့် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ တောင်သူများကိုယ်တိုင် ပျိုးထောင်၍ ကောက်စိုက်စက်ကို စနစ်တကျအသုံးပြုနိုင်ရေးနှင့် မျိုးစေ့ချကိရိယာအား စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေချို သယံဇာတအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ဆည်တာတမံကြီးများ ဘေးကင်းလုံခြုံပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဆင်အုံကန်၏ ကြံ့ခိုင်မှုအခြေအနေ၊ ရေပိုလွှဲမှ ရေကျော်ကျမှုနှင့် သဘာဝကုန်းရိုးမှ ရေကျော်ခဲ့သည့်နေရာတွင် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာရှိ ဝက္ကမူရာဘာ ရေလွှဲဆည်သို့ရောက်ရှိပြီး ဝက္ကမူရာဘာရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရာဘာအိတ်အတွင်း ရေသွင်းရေထုတ်သည့်စနစ်၊ ရေလွှဲဆည် ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျ ခွဲဝေမျှတသုံးစွဲရေး၊ တစ်နှစ် သုံးသီးစိုက်ပျိုး ထုတ်လုပ်နိုင်ရေး၊ သီးနှံ၏သက်တမ်းနှင့် ရေလိုအပ်ချက်ကို တွက်ချက်ပြီး ရာသီအလိုက် စိုက်ပျိုးမည့်သီးနှံများ လျာထားကာ ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာရှိ Closed house type and evaporated cooling system (အလုံပိတ်အအေးစနစ်) အသားတိုးဝက် မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အသားထုတ်လုပ်မှုကဏ္ဍ တန်ဖိုးတိုးတက်ရေးအတွက် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ပင်လယ်ရေကြောင်းလောကတွင် လာမည့်ငါးနှစ်အတွင်း သင်္ဘောသားနှင့် အရာရှိလိုအပ်ချက် သုံးသိန်းကျော်အထိ ရှိနိုင်သည့်အတွက် အရည်အသွေးတိုးတက်သော မြန်မာသင်္ဘောသားများ လိုအပ်

ရန်ကုန် ဩဂုတ် ၁၉

ကမ္ဘာ့ပင်လယ်ရေကြောင်း လောကတွင် လာမည့် ငါးနှစ်အတွင်း သင်္ဘောသားနှင့် အရာရှိလိုအပ်ချက် သုံးသိန်းကျော်အထိ ရှိနိုင်သည့်အတွက် အရည်အသွေးတိုးတက်သော မြန်မာသင်္ဘောသားများ လိုအပ်ကြောင်း မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်မှ သိရသည်။

## လုပ်သားလိုအပ်ချက်မြင့်မား

ကမ္ဘာပေါ်တွင် သင်္ဘောများ တန်ချိန်များလာကာ အစီးရေလည်း တိုးလာသောကြောင့် လာမည့်ကာလတွင် လုပ်သားလိုအပ်ချက်မြင့်မားခြင်း ဖြစ်ကြောင်း သိရသည်။

"လိုအပ်မယ်ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ဘက်က ပေးနိုင်တယ်ဆိုလည်း အလုပ်ကရမှာပဲ။ ကမ္ဘာ့သင်္ဘောလောကမှာက အလုပ်သမားလိုအပ်ချက်က ကြီးမားနေပါတယ်။ အဲဒါကို ဖြည့်ဆည်းဖို့ဆိုရင် ကိုယ့်ဆီကလူတွေကလည်း အလုပ်အကိုင်ကျွမ်းကျင်တဲ့အရည်အသွေးက မြင့်မားနေမှ။ ပြီးတော့ ကမ္ဘာအနှံ့ကိုသွားတဲ့ သင်္ဘောပေါ်မှာစီးရတာဖြစ်တဲ့အတွက် ဘာသာစကားက အင်္ဂလိပ်စကားပဲသုံးရတဲ့အတွက် အင်္ဂလိပ်စကားကိုလည်း ပါရဂူမဟာအဆင့်လောက်အထိ မဟုတ်ရင်တောင် သာမန်အဆင့်လောက်အထိတော့ ပြောတတ်၊ ဆိုတတ်၊ ရေးတတ်၊ ဖတ်တတ်မှ အဆင်ပြေမယ်လို့ ယူဆပါတယ်။ အဲဒီတော့ သင်္ဘောသား လိုအပ်ချက် ဘယ်လောက်များလဲမေးရင် နောက်ငါးနှစ်မှာ သုံးသိန်းကျော်လိုတယ်။ အမျိုးသားလည်းလိုတယ်၊ အမျိုးသမီးလည်းလိုတယ်။ အဲဒီတော့ ကိုယ့်ဘက်က သွားမယ်ဆိုရင် အလုပ်ရှင်ကျေနပ်လောက်တဲ့၊ လက်ခံနိုင်လောက်တဲ့ အရည်အသွေးရှိတဲ့ သင်္ဘောသားကိုပဲ ခေါ်မှာပါ" ဟု ကပ္ပတိန် စိုးမင်းအောင်က ပြောသည်။

## သင်ကြားပေးလျက်ရှိ

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်အနေဖြင့်လည်း လက်ရှိတွင် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်းနှင့် အခမဲ့ကုန်းပတ်သင်္ဘောသား အခြေခံလက်တွေ့သင်တန်းများကို အမှတ်စဉ်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စိတ်ဝင်စားမှုများ ရှိကြောင်း သိရသည်။

"အဖွဲ့ချုပ်အနေနဲ့ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအချင်းချင်းမှာ၊ ရည်ရွယ်ချက်မှာ မြန်မာသင်္ဘောသားတွေနဲ့ ပတ်သက်လာရင် သူတို့ရဲ့အသက်မွေးဝမ်းကျောင်းပညာရပ်ကို တစ်ဖက်တစ်လမ်းက တိုးတက်အောင်လို့ ပံ့ပိုးကူညီရမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါတယ်။ ပြီးတော့ မိသားစုတွေရဲ့လူမှုဘဝတိုးတက်ရေးကိုလည်း ပံ့ပိုးရမယ်ဆိုတာပါတယ်။ အဲဒီနှစ်ချက် ဖြည့်ဆည်းဖို့အတွက် ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ အခု အခြေခံကုန်းပတ် သင်္ဘောသားသင်တန်းကိုလည်း အခမဲ့ဖွင့်ပေးတယ်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာအခမဲ့သင်တန်းကိုလည်း ဖွင့်ပေးထားပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

သင်္ဘောသား ကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိ၊ လိုအပ်မှုများရှိလျှင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ထံ အကူအညီတောင်းခံခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

**MT**

# မြစ်ကြီးနားမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၉**

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူနိုင်ရေးအတွက် ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။



**ဖွင့်လှစ်သွားမည်**

ဦးစွာ ကချင်ပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယနေ့ ပြည်နယ်အဆင့် နည်းပြသင်တန်း ဖွင့်လှစ်ပြီး ခရိုင်/မြို့နယ်အဆင့် သင်တန်းများကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဗဟိုအဆင့် နည်းပြသင်တန်း တက်ရောက်ခဲ့သည့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်တင်က သင်တန်းတွင် ပို့ချသင်ကြားသွားမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်းစာရင်း ကောက်ယူခြင်းဆိုင်ရာ အစီအမံများ၊ လုပ်ငန်းစဉ်များ၊ စာရင်း ကောက်ကွက်များ၊ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ဆက်စပ်ပစ္စည်းများ ဖြန့်ဝေပို့ဆောင်သွားမည့် အစီအစဉ်များကို ပါဝါပွိုင့်ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ Video Click ကို ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အခမ်းအနား တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်းဆိုင်ရာပစ္စည်းများ၊ လုပ်ငန်းစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြည်နယ်အဆင့် နည်းပြသင်တန်းကို ခရိုင်ကိုယ်စားလှယ်များ ပါဝင်သည့် သင်တန်းသား ၃၀ တို့ဖြင့် ၁၂ ရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး ခရိုင်/ မြို့နယ်အဆင့် နည်းပြ သင်တန်း၊ ဆင့်ပွားနည်းပြသင်တန်းနှင့် စာရင်းစစ်/ စာရင်းကောက်သင်တန်းများကိုလည်း ယခုလနှင့် စက်တင်ဘာလများတွင် ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များက တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း(အပေါ်ထပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီးက အမျိုးသားအားကစားပွဲတော်ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်၍ ပြိုင်ပွဲစည်းမျဉ်း/ စည်းကမ်းများနှင့်ပတ်သက်ပြီး အချက်အလက်များခိုင်မာ၍ အငြင်းပွားစရာများ မရှိစေရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အတည်ပြုဆုံးဖြတ်ပေးနိုင်သည့်သူများနှင့် တွေ့ဆုံ၍ ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြင်ဆင်ပြောင်းလဲသင့်သည့်အချက်များနှင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြချက်များကို အတည်ပြုဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ထားသည့်အချက်များကို နောက်ပိုင်းတွင် ထပ်မံပြုပြင်ပေးသွားမည်မဟုတ်ကြောင်း၊ အဖွဲ့ချုပ်များအနေဖြင့် အမျိုးသားအားကစားပွဲတော်တွင် တာဝန်ပေးအပ်မည့် ဒိုင်လူကြီးများနှင့် နည်းပြများကို ပြိုင်ပွဲစည်းမျဉ်း/ စည်းကမ်း၊ နည်းစနစ်များနှင့်ပတ်သက်ပြီး မွမ်းမံသင်တန်းများ ဖွင့်လှစ်လိုပါက ဆွေးနွေးတင်ပြပေးရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ သင်တန်းဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်အားသတ်မှတ်၍ တည်းခိုနေထိုင် စားသောက်မှုများကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက စည်းမျဉ်း/ စည်းကမ်းများ၊ အမှတ်ပေးစနစ်များ၊ မျိုးဆက်သစ်အားကစားသမား ရွေးချယ်မှုများနှင့် ပတ်သက်ပြီး ရွေးချယ်ရေးမူများ/သတ်မှတ်ချက်များကို အချက်အလက် မှတ်တမ်း/မှတ်ရာများဖြင့် တိတိကျကျဖြစ်စေရေးအတွက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ကန့်ကွက်မှုကိစ္စများ မဖြစ်စေရေးအတွက် အမှတ်ပေးစည်းမျဉ်း/ စည်းကမ်းများကို အဖွဲ့ချုပ်များအနေဖြင့် ယခုကတည်းက စနစ်တကျပြုစု ဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ (အသက်/ အဆင့်) ကန့်သတ်ချက်များ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ တာဝန်ပေးအပ်မည့် ဒိုင်လူကြီးများနှင့် နည်းပြများကို ပြောင်းလဲလာသည့်နည်းစနစ်များ၊ စည်းမျဉ်း/စည်းကမ်းများကို သိရှိနားလည်စေရန်အတွက် သင်တန်းပေးမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးအကြံပြုတင်ပြရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်အတည်ပြုဆုံးဖြတ်ပေးပြီး လိုအပ်သည်များမှာကြားသည်။

သတင်းစဉ်

# တွံ့တေးမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တွံ့တေးမြို့နယ် တန်းလျားလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင် ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တွံ့တေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် တန်းလျားလေးကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင် နေမှု၊ စီမံကိန်းမှ ရရှိလာသည့် အတိုးရငွေဖြင့် ဆောင်ရွက်မည့်ကျေးရွာတွင်းလမ်း ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူး က ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံ မှန်ကန်မှုရှိ/မရှိ စစ်ဆေးသည်။ ယခုအခါ အဆိုပါကျေးရွာရှိ ချေးငွေ အောင်မြင်သူ အသင်းသူ အသင်းသား ၁၅၀ ကို ပဉ္စမအကြိမ်မြောက် ရန်ပုံငွေကျပ် ၃၄၃ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး ရရှိလာသော အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



## ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ တစ်လက်မခန့် (၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကင် တွေ့ဆုံဆွေးနွေး



ဂျေရုဆလင် ဩဂုတ် ၁၉

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကင်တို့ အကြား ဆွေးနွေးပွဲကို ယနေ့၌ ဂျေရုဆလင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲအတွင်း အမေရိကန်ဘက်မှ အဆိုပြုလာသည့်ဓားစာခံများလွှတ်မြောက်ရေးဆိုင်ရာ အစီအစဉ်ကို အစ္စရေးက လက်ခံခဲ့ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

အီဂျစ်ဂါဇာနယ်စပ်တွင် အစ္စရေးတပ်ဖွဲ့များ ဖြန့်ကြက်ချထားရေးနှင့် ဂါဇာဒေသသို့ အကြမ်းဖက်သမားများ ထပ်မံမဝင်ရောက်နိုင်စေရေး အတွက် ဟားမတ်စ်အဖွဲ့အား ချေမှုန်းရေးတို့ကို ဆောင်ရွက်မည်ဟု နေတန်ယာဟုက ထပ်လောင်းပြောကြားခဲ့သည်။

လက်ရှိအချိန်သည် အရေးကြီးဆုံး အချိန်သို့ရောက်ရှိနေပြီး ဓားစာခံများ ပြန်လည်လွှတ်မြောက်ရေးနှင့် အပစ်အခတ်ရပ်စဲရေးအတွက် နောက်ဆုံးအခွင့်အရေးဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကင်က ပြောကြားသည်။

လက်ရှိအချိန်တွင် ဂါဇာဒေသတောင်ပိုင်းနှင့် အလယ်ပိုင်းတွင် အစ္စရေးက တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်နေသည်။

အစ္စရေးဘက်မှ ဓားစာခံများ ပြန်လည်လွှတ်မြောက်လာပါက ဟားမတ်စ်အား ထပ်မံတိုက်ခိုက်မည်ဟု ပြောကြားခဲ့ပြီး ဂါဇာဒေသတွင် ရေရှည်တည်တံ့သော အပစ်အခတ်ရပ်စဲရေးရရှိရေးနှင့် အစ္စရေးတပ်ဖွဲ့များဂါဇာမှ ဆုတ်ခွာရေးကို ဟားမတ်စ်ကလည်း တောင်းဆိုနေသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# နယူးဇီလန်နိုင်ငံ၏ လူဦးရေ ၅ ဒသမ ၃၄ သန်းနီးပါးရှိလာ

ဝယ်လင်တန် ဩဂုတ် ၁၉

နယူးဇီလန်နိုင်ငံ၏ လူဦးရေသည် ယခုနှစ်ဇွန်လ ၃၀ ရက်တွင် ၅၃၃၈၅၀၀ ရှိလာကြောင်း နယူးဇီလန်နိုင်ငံစာရင်းအင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံ၌ လက်ရှိအချိန်တွင် အမျိုးသမီးဦးရေ ၂၆၈၁၇၀၀ နှင့် အမျိုးသားဦးရေ ၂၆၅၆၉၀၀ အသီးသီးရှိကြောင်း နယူးဇီလန်နိုင်ငံစာရင်းအင်းဌာနက ဆိုသည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်တွင် နယူးဇီလန်နိုင်ငံ၏ လူဦးရေသည် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံ၏ စုစုပေါင်းမွေးဖွားနှုန်းသည် ရာခိုင်နှုန်းအားဖြင့် ၂၀၂၄ ခုနှစ် ဇွန်လကုန်တွင် အမျိုးသမီးတစ်ဦးလျှင် ၁ ဒသမ ၅၃ ရာခိုင်နှုန်းရှိပြီး ၂၀၂၃ ခုနှစ် ဇွန်လကုန်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးလာကြောင်း စာရင်းဇယားများအရ သိရသည်။

နယူးဇီလန်နိုင်ငံ၏ မွေးကင်းစကလေးသေဆုံးမှုနှုန်းသည် လူဦးရေ ၁၀၀၀ လျှင် ၄ ဒသမ ၉၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်

ဆိုးလ် ဩဂုတ် ၁၉

ကိုရီးယားကျွန်းဆွယ်တွင် အရေးပေါ်အခြေအနေများ ဖြစ်ပွားလာပါက ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တောင်ကိုရီးယားနှင့် အမေရိကန်တပ်မတော်တပ်ဖွဲ့များသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

Ulchi Freedom Shield military exercise ဟုအမည်ရသည့်စစ်ရေးလေ့ကျင့်မှုကိုတောင်ကိုရီးယားနိုင်ငံ၌ ဩဂုတ် ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၉ ရက်အထိ ကြာမြင့်မည်ဟု သိရသည်။

ယခုစစ်ရေးလေ့ကျင့်မှုတွင် ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ လေ့ကျင့်မှုအပါအဝင် မြေပြင်လေ့ကျင့်မှု ၄၈ ခုပါဝင်ပြီး ရည်ရွယ်ချက်မှာ တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစွမ်းရည်မြင့်တင်ရန်နှင့် မြောက်ကိုရီးယား၏ နျူကလီးယားတိုက်ခိုက်မှုမှ ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။ ယခုလေ့ကျင့်မှုအတွင်း နိုင်ငံသားများအား ဘေးလွတ်ရာသို့ ကယ်ဆယ်သည့်လေ့ကျင့်ခန်းများ ပါဝင်မည်ဖြစ်သည်။ ယခုစစ်ရေးလေ့ကျင့်မှုအား ကျူးကျော်စစ်ဆင်နွှဲရန် အတွက်လေ့ကျင့်ခြင်းဟု မြောက်ကိုရီးယားက ရှုတ်ချခဲ့သည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ၏ စစ်ရေးလေ့ကျင့်မှုများ များပြားလာသည်နှင့်အမျှ မိမိနိုင်ငံကိုကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**



# ဖီဂျီနိုင်ငံ၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်စင်တာ ဖွင့်လှစ်

ဆူဗာ ဩဂုတ် ၁၉

ဖီဂျီနိုင်ငံ ဆူဗာမြို့၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်စင်တာတစ်ခုကို စတင်ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယင်းစင်တာဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဖြစ်ကြောင်း ဖီဂျီအသံလွှင့်ကော်ပိုရေးရှင်းက ပြောကြားသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲမှာ သက်ဆိုင်ရာလုပ်ငန်းများအတွက် သတင်းအချက်လက်ရရှိရေးပင် ဖြစ်ကြောင်း ဖီဂျီနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေး၊ သမဝါယမ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဝန်ကြီး မန်အိုအေကာမီကာမီကာက ပြောကြားသည်။ ယခုစင်တာမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဝန်ဆောင်မှုများ ရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



ဖီဂျီနိုင်ငံ ကုန်သွယ်ရေး၊ သမဝါယမ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဝန်ကြီးဌာနသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မွန်ဂိုလီးယားနိုင်ငံ၏ ကျောက်မီးသွေးတင်ပို့မှု ပထမခုနစ်လအတွင်း ၃၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့

အူလန်ဘာတာ ဩဂုတ် ၁၉

မွန်ဂိုလီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း ကျောက်မီးသွေးတင်ပို့မှုတွင် သိသာထင်ရှားစွာ တိုးမြင့်လာခဲ့ပြီး ပြည်ပသို့ စုစုပေါင်းတန်ချိန် ၄၆ ဒသမ ၁ သန်း တင်ပို့ခဲ့ကာ ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း မွန်ဂိုလီးယားနိုင်ငံ အကောက်ခွန်ဌာနမှ ထုတ်ပြန်သော အချက်အလက်များကိုကိုးကား၍ ဆင်ဟွာသတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် သတင်းဖော်ပြခဲ့သည်။

သတ္တုတွင်းကဏ္ဍသည် မွန်ဂိုလီးယားနိုင်ငံ၏ ပေါများလှသော သဘာဝအရင်းအမြစ်များဖြင့် မောင်းနှင်ပေးသော စီးပွားရေးကဏ္ဍ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အထူးသဖြင့် ကျောက်မီးသွေးသည် နိုင်ငံဝင်ငွေအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ယခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအထိ မွန်ဂိုလီးယားနိုင်ငံ စုစုပေါင်းပို့ကုန်များ၏ ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် တိုင်းပြည့်ဝင်ငွေအတွက် တွင်းထွက်သယံဇာတများအပေါ် တည်မှီနေရသည့် ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး ယခုနှစ်ကုန်တွင် အနည်းဆုံးကျောက်မီးသွေးတန်ချိန် သန်း ၆၀ တင်ပို့ရန် ရည်မှန်းထားပြီး၂၀၂၃ ခုနှစ်တွင် တန်ချိန် ၆၆ ဒသမ ၇ သန်းတင်ပို့ခဲ့ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# စစ်ကိုင်းခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**မုံရွာ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မြတ်ဖေယျာခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေး ကြီးကြပ်မှုအဖွဲ့ဝင်များက စစ်ကိုင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီး မှူးက ဖြည့်စွက်ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက် ပေးကာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သမဝါယမနှင့် စီမံခန့်ခွဲမှု တက္ကသိုလ်(စစ်ကိုင်း)သို့ ရောက်ရှိရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ရင်းရင်း နှီးနှီးတွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ်က စီမံရေး၊ သင်ကြားရေး လုပ်ငန်းများဆောင်ရွက်နေမှုများနှင့် သုံးထပ်ပင်မ အဆောက်အအုံရှေ့ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက် ပေးခဲ့ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကာ ကျောင်းဝင်း အတွင်းရှိ သုံးထပ်ပင်မအဆောက်အအုံရှေ့ ကတ္တရာ ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးနဲမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများမြင့်တက်ပြီး နေအိမ်အချို့နှင့် လယ်ကွင်းများအတွင်း ရေဝင်ရောက်မှုဖြစ်ပွား



**မိုးနဲ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ မြို့နယ်၌ ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်အထိ မိုးများ အဆက် မပြတ် ရွာသွန်းမှုများကြောင့် နမ့်တွမ်ချောင်း၊ နမ့်စလိုင်ချောင်း၊ နမ့်မယ်မုန်းချောင်းတို့မှ ရေများ မြင့်တက်ခဲ့ပြီး မြို့၏အနိမ့်ပိုင်းရှိ လူနေအိမ်နှင့် ရေချောင်းပတ်ဝန်း ကျင် မြေနိမ့်ပိုင်းလယ်ကွင်းများ အတွင်းသို့ ရေဝင်ရောက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ချောင်းရေ မြင့်တက် မှုကြောင့် အောင်သပြေရွာ၊ နာဟောင်ရပ်ကွက်၊ နောင်ကျော့ ရပ်ကွက်၊ ပေါ့မိုင်းရပ်ကွက်၊ နောင်ခမ်း/ နောင်မြိုင် စသည့် အနိမ့်ပိုင်းနေရာရှိ လူနေအိမ်အချို့ နှင့် မိုက်ဟိုင်းကျေးရွာအုပ်စု၊ နမ့်မော်ဆွမ့်ကျေးရွာအုပ်စု၊ နောင် မြိုင်းကျေးရွာအုပ်စု၊ ဝမ်ဟေ ကျေးရွာအုပ်စုတို့ရှိ အနိမ့်ပိုင်း လယ်ကွင်းများအတွင်းသို့ ဩဂုတ် ၁၈ ရက်အထိ လယ်ဧကစုစုပေါင်း ၁၁၄၇ ဒသမ ၈၁ ဧကတို့မှာ ရေနစ်မြုပ်လျက် ရှိကြောင်းနှင့် ချောင်းရေ မြင့်တက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေ ရေးအတွက် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ် မြေစာရင်းနှင့် မြို့နယ်ဆည်မြောင်း ဦးစီးဌာနတို့မှ တာဝန်ရှိသူများ က ကွင်းဆင်းကြည့်ရှုလျက်ရှိ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နမ့်စန်တွင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပ

**နမ့်စန် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) သရဖီခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အသင်းဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမွန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ရွှေတို့က အရပ်ရပ်ဆိုင်ရာအစည်းအဝေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းများကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ အတည်ပြု ချက်ရယူခဲ့ကြသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော အသင်းသားများ၏ သားသမီးများကို ပညာရည်ချွန်ဆု များချီးမြှင့်ရာ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ရိုးရိုးအောင် လေးဦးနှင့် လူရည်ချွန်ဆုရသူ နှစ်ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်း များ ပေးအပ်ချီးမြှင့်သည်။ အစည်းအဝေးတွင် ဝန်ထမ်းပေါင်းစုံငွေစုငွေ ချေးသမဝါယမအသင်းမှတာဝန်ရှိသူများက အသင်းသား ၈၃၃ ဦး၏ စုဆောင်းငွေပေါ်အတိုး စုစုပေါင်းငွေကျပ် ၃၇၈၅၀၀၀၀ ကို စနစ်တကျ ခွဲဝေထုတ်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၉၀ | ၃၀၇၀ | ၃၀၄၅ | ၃၀၀၀ | ၃၀၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၀၅၅ | ၃၁၈၀ | ၃၂၁၀ | ၃၀၆၀ | ၃၀၇၅ | ၃၁၁၀ | ၃၀၉၅ | ၃၁၁၀ | ၃၅၁၅ | ၆၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၂၀ | ၃၁၉၅ | ၃၁၅၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၀၀ | ၃၃၂၅ | ၃၃၅၅ | ၃၂၁၀ | ၃၂၂၅ | ၃၂၅၅ | ၃၂၄၅ | ၃၂၆၀ | ၃၆၆၀ | ၆၃၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၂၅ | ၂၆၈၀ | ၂၈၀၅ | ၂၈၃၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၃၅ | ၂၇၂၅ | ၂၇၃၅ | ၃၁၄၀ | ၆၁၀၀ |
| HSD (50 ppm) | ၃၂၁၀ | ၃၂၉၀ | ၃၂၆၅ | ၃၂၁၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၁၅ | ၃၂၇၀ | ၃၃၉၅ | ၃၄၂၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၂၅ | ၃၃၁၅ | ၃၃၂၅ | ၃၇၃၀ | ၆၁၀၀ |
| HSD (10 ppm) | ၃၂၁၀ | ၃၂၉၀ | ၃၂၆၅ | ၃၂၁၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၁၅ | ၃၂၇၀ | ၃၃၉၅ | ၃၄၂၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၂၅ | ၃၃၁၅ | ၃၃၂၅ | ၃၇၃၀ | ၆၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၃၄ | ၂၉၂၄ |
| 95 Ron | ၂၉၃၈ | ၃၀၇၁ |
| HSD (500 ppm) | ၂၄၃၄ | ၂၅၅၃ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၃၅ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၃၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂျင်ရဲမြောင်(စံပြ)ကျေးရွာတွင် မိုးနှမ်းများ စတင်ထွက်ပေါ်လျက်ရှိ



**မကွေး ဩဂုတ် ၁၉**

မကွေး တိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့ ကုန်ကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင်(စံပြ) ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး ကြက်သွန်နီ၊ ဝါ၊ ပဲတီစိမ်း၊ နေကြာ၊ နှမ်းတို့ကိုရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံ စိုက်ဧက ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနီ၊ နှမ်းနက်နှင့် နှမ်းဖြူမျိုးများကို စိုက်ပျိုးကြပြီး နှမ်းနီမျိုးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းမျိုးများကို တစ်ပြည်လျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် အထက်မင်းလှမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝယ်ယူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် နှစ်ပြည် စိုက်ပျိုးရကြောင်း၊ မိုးနှမ်းကို ထွန်ယက်၍ ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုးကြကာ မေလတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့်ကုန်ကျပြီး မိုးနှမ်းသီးနှံကို ရာသီဥတုအပေါ် မူတည်၍ စိုက်ပျိုးရပြီး မိုးရွာသွန်းမှုများပြားလျှင် နှမ်းပင်များ ပျက်စီး၍ အထွက်နှုန်း လျော့နည်းနိုင်ပြီး မိုးရွာသွန်းမှုနည်းပါးလျှင် မျိုးစေ့အောင်မြင်မှုနည်းပါး၍ အထွက်နှုန်း လျော့နည်းနိုင်ကြောင်း၊ ရာသီဥတု သင့်တင့်မျှတမှုရှိလျှင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းမွန်ကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးသည့်အတွက် တစ်ဧကလျှင်ခြောက်တင်းခန့်သာ ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် နှမ်းနက် (စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၀၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ နှမ်းစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် နှမ်းနက် (စမုန်) မျိုးအတွက် ငွေကျပ် ၅၆၀၀၀၀၊ နှမ်းနီမျိုးအတွက် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းဖြူမျိုးအတွက် ငွေကျပ် ၄၄၀၀၀၀ အကျိုးအမြတ်များ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

# မကွေးမြို့နယ်၌ ဖူးစားပြောင်းများ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အဆင်ပြေ



**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ယင်းဆိပ်၊ တမို့၊ အုန်းတွဲ ကျေးရွာတို့တွင် နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြပြီး ဖူးစားပြောင်းသီးနှံ ငါးဧကခွဲခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့် ဖူးစားပြောင်း (ပံ-75)မျိုးကို စိုက်ပျိုးကြပြီး မြေအောက်ရေတင်စနစ်ဖြင့် တန်းကြားနှစ်ပေအကွာ၊ ပင်ကြား ၁၀ လက်မအကွာ အစေ့ချ၍ စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဖူးစားပြောင်း (ပံ-75) မျိုးစေ့ တစ်ထုပ်လျှင် ၅၀၀ ဂရမ်ပါ အထုပ် ငါးထုပ်ခန့် စိုက်ပျိုးရပြီး ဖူးစားပြောင်း (ပံ-75) ကို ဇွန်လတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လတွင် ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၆၀၀၀၀၀ ကျော် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ပြုစုပျိုးထောင်မှုအပေါ် မူတည်၍ တစ်ဧကလျှင် ပြောင်းဖူး ၉၀၀၀-၁၂၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ပြောင်းဖူး တစ်ဖူးလျှင် လက်ကားဈေး ငွေကျပ် ၃၅၀-၄၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၀ ကျော် အကျိုးအမြတ် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသည်များမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူမှုများရှိပြီး တောင်သူများအနေဖြင့်လည်း မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းသည် တိရစ္ဆာန်အစာအတွက် ဖူလုံမှုများရှိသကဲ့သို့ တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိသောကြောင့် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



# ပခုက္ကူဈေးကွက်၌ ပဲတီစိမ်းအသေး(ခေါ်) ပဲနောက်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်

**မကွေး ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပဲတီစိမ်းအသေး(ခေါ်)ပဲနောက်သီးနှံများ ဩဂုတ်လ ပထမပတ်မှ စတင်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပဲတီစိမ်း အသေး (ခေါ်) ပဲနောက် သီးနှံများကို တစ်နှစ်လျှင် နှစ်ရာသီ မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးကြပြီး ပခုက္ကူခရိုင်အတွင်း အများဆုံးစိုက်ပျိုးသည့် ပခုက္ကူမြို့နယ်နှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသော ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံများ အများဆုံးဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၇၆၃၀၀-၇၅၀၀၀ နှုန်းဖြင့် တစ်ရက်လျှင် ပိဿာချိန် ၃၀ ဝင် အိတ်ရေ ၃၀၀ မှ ၅၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဩဂုတ်လ ပထမပတ်နှင့် ဒုတိယပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ဩဂုတ်လ ပထမပတ်တွင် ပဲတီစိမ်းအသေး (ခေါ်) ပဲနောက်သီးနှံတစ်တင်းလျှင် ငွေကျပ် ၇၃၅၀၀-၇၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ဩဂုတ်လ ဒုတိယပတ်တွင် ပဲတီစိမ်းအသေး(ခေါ်) ပဲနောက်သီးနှံ တစ်တင်းလျှင် ငွေကျပ် ၂၈၀၀ ခန့် ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ဝယ်ယူစားသုံးမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၁၉- ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေ့တ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | ၆၆၈၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၃၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၆၄၅ | ၁၁၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၁၈၅၀၀ | ၆၄၂၅ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၈၇၅ | ၁၂၅၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၅၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၉၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၁၆၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၀၃၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၆၀၀ | ၁၉၅၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၂၀၀ | ၅၆၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၂၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၆၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၃၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၅၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၂၅၀၀၀ | | ၁၅၀၀၀ |

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၆/D (၁၄၊ ၁၅၊ ၁၆) ကြို့ကုန်း၊ မြေကွက်အမှတ် – ၅၅၊ ဧရိယာ (၀.၀၇၉) ဧက၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၃၇၄)၊ မဟာသုခိတာ (၂)လမ်း(မြောက်)၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဦးစိုးဝင်း [၁၁/သတန(နိုင်)၀၃၂၀၄၁]** က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၆.၂၊ မြေကွက်အမှတ် ၉၅.စီ/၁၊ ဧရိယာ (၀.၂၅၀) ဧကအနက် တရားဝင်မခွဲစိတ်ရသေးသောမြေ၏ အရှေ့ဘက်အခြမ်း [မြေကွက်အမှတ် (၉၅.စီ/၉) နှင့် ကပ်လျက်အခြမ်း] အကျယ် (၄၄၉၅ စ/ပေ)၊ ဧရိယာ (၀.၁၀၃)ဧက၊ မြေအမျိုးအစား – မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၂)၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးအောင်မိုး [၁၂/ဒဂန(နိုင်)၀၁၇၈၆၀]၊ ဒေါ်နွဲ့နွဲ့ဝင်း [၉/မရမ(နိုင်)၀၃၇၇၁၃]၊ ဒေါ်အေးအေးမြင့် [၁၂/အလန(နိုင်)၀၁၈၄၈၆]တို့ အမည်ပေါက်လျက်ရှိပြီး ၎င်းတို့ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးလွင်ကျော် [၁၂/ဥကတ (နိုင်)၀၁၅၁၂၂]**က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄/၈၊ မြေကွက်အမှတ်– ၆၄(က) ပါမစ်မြေအမျိုးအစား (၂၀ပေx ၆၀ပေ)၏ မူလ အမည်ပေါက် ဦးငွေခဲ (T/RGN– ၀၁၆၇၁၃)ထံမှ အဆက်ဆက် အရပ်ကတိစာချုပ်ဖြင့် (၆)ဦးအထိရောင်းချခဲ့ပြီး ယခုနောက်ဆုံးဝယ်ယူထားသော ဦးအောင်သက်ခန့် [၉/မခန(နိုင်) ၁၈၆၆၇၁]ထံမှ ကျွန်မ ဒေါ်မို့မို့ဝင်းသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်မာစွာဖြင့် ကျွန်မထံ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မို့မို့ဝင်း**
**[၁၂/ဗဟန (နိုင်) ၀၀၁၇၅၉]**
**ဖုန်း – ၀၉–၉၇၉၂၀၀၉၈၉**

## သားအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၇၁)ရပ်ကွက်၊ အိမ်အမှတ် (2278/က)၊ သမိန်ဗရမ်းလမ်းနေ ဒေါ်ခင်ထွေးရီ [၁၂/ဒဂတ(နိုင်) ၁၂၁၅၆၇]၏သား မောင်အောင်သူရ [၁၂/ဒဂတ(နိုင်) ၁၃၂၁၇၄] သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်အောင်သူရနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်အောင်သူရနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေးရီ [၁၂/ဒဂတ(နိုင်) ၁၂၁၅၆၇]**
**တောင်ဒဂုံမြို့နယ်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်အမှတ်(B–၁၅)၊ အခန်းအမှတ် (၃၀၃)၊ U–600 တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်စောမင်း [၉/အမဇ(နိုင်) ၀၀၄၁၈၄]က လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်စုမွန် [၁၁/ကတန(နိုင်) ၁၀၅၄၂၃]က ဝယ်ယူရန်အတွက် ရောင်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်း၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှိုင်ဝတ်ရည်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၈၅၅၀)**
**တိုက်(B–12)၊ အခန်း (102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊**
**၄၂ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**Ph: 09–676780524, 09–420080524**

## Epay Investments Myanmar Ltd.(the "Company") (Incorporated in the Republic of the Union of Myanmar) (Voluntary Winding–up)

Calling the Final General Meeting Regarding the Winding– up of Epay Investments Myanmar Ltd.

Pursuant to section 211 (a) of Insolvency Law, the final general meeting of Epay Investments Myanmar Ltd. which is in the course of winding–up is held as follows, therefore; all shareholders are cordially invited to attend the general meeting in order to seek for the consent of shareholders.

The meeting is held as follows:

Date : 20 Sep 2024
Time : 10:00 am
Venue : Unit 01–05, Level 10, Junction City Office Tower, Corner of Bogyoke Road and 27th Street,Pabedan Township, Yangon.

Thida Cho Win
Liquidator
EPay Investments Myanmar Limited

## ကိုဇော်မင်းနိုင်(ခ)နူးရ်မုဟမ္မဒ် နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၆)နေ မပန်းအိအိစိုး(ခ)ရဟ်မသ်ဘီ [၁၀/မလမ(နိုင်) ၂၉၂၁၆၃]ကိုယ်စားလှယ်ဆောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်(၉/ပထမထပ်)နေ ကိုဇော်မင်းနိုင်(ခ)နူးရ်မုဟမ္မဒ် [၁၂/တမန(နိုင်) ၁၄၃၇၃၂]တို့သည် (၂၃–၁၀–၂၀၁၆)ရက်နေ့တွင် အစ္စလာမ့်တရားတော်နှင့်အညီ နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ အိမ်ထောင်သက်တမ်းအတွင်း ခင်ပွန်းဖြစ်သူသည် တာဝန်ယူမှု/တာဝန်ခံမှု ဟူ၍မရှိခဲ့ခြင်း၊ ကိုယ်ချင်းစာနာမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်း၊ အိမ်ထောင်ရေးဖောက်ပြန်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းထံ ဓမ္မသတ်လျှောက်ထားခဲ့ပြီး အဆိုပါ ဓမ္မသတ်ဌာနထံမှ အစ္စလာမ့်တရားဥပဒေ ဖသာဝါမ္မေသတ် ဆုံးဖြတ်ချက်ရယူခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် (၄–၃–၂၀၂၄)ရက်နေ့တွင် (သွလာကေဗာအင်န်)တစ်ကြိမ် တရားတော်နှင့်အညီ အတည်ပြုခံယူခဲ့ပြီးဖြစ်ရာ ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲပြီးကြောင်း မြွက်ဟကြေညာပြီးသည်ဖြစ်၍ ကိုဇော်မင်းနိုင်(ခ)နူးရ်မုဟမ္မဒ်နှင့် မပန်းအိအိစိုး (ခ)ရဟ်မသ်ဘီတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ (လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မပန်းအိအိစိုး(ခ)ရဟ်မသ်ဘီ** | **ဦးမြတ်သန်းဦး [B.A(Eco:) H.G.P,D–A(1)]** |
| **အမှတ်(၆)၊ သီတာနွယ်လမ်း၊** | **အထက်တန်းရှေ့နေ(စဉ်–၁၀၂၂၀)** |
| **နွယ်အေးရပ်ကွက်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **ဒေါပုံမြို့နယ်၊** | **ရန်ကုန်မြို့။** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **(၀၉–၇၈၃၅၄၂၉၀၀)** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၇၁) ဟုခေါ်တွင်သော ဦးအေးသောင်းအမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေအကျယ်အဝန်း (၄၀x၆၀)ပေအကျယ်ရှိ မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (၁၅ပေx ၆၀ပေ) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအပြည့်အစုံပါဝင်သည့် အဆောက်အဦအပါအဝင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီသန့် [၆/မအရ(နိုင်)၁၁၁၉၂၅]မှ ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်ယဉ်ထွေး [၇/အဖန(နိုင်) ၀၉၂၉၂၃]က အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းချသည့် အိမ်နှင့်မြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ထွေး [၇/အဖန(နိုင်)၀၉၂၉၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိခိုင် (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၉၅၅)**
**အမှတ်– ၁၈၊ ဥယျာဉ်လမ်း၊ မကျည်းတန်းမြောက်အနောက်ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၅၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၈(က)၊ ခွာညိုလမ်း၊ မြေကွက်အမှတ်– ၂၀၀(က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးနိုင်ရဲအောင် [၁၂/ပဘတ (နိုင်) ၀၁၇၃၁၆] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဦးနိုင်ရဲအောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး တရားဝင်အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးခင်ဇော် [၁၂/ခရန(နိုင်) ၀၈၇၆၈၃]က အရှုပ်အရှင်းကင်းရှင်းသည်ဟု ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွဲမိ [၈/မမန (နိုင်) ၁၆၇၄၃၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နွဲ့သူ (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်–၄၁၃၂၄)**
**အခန်း(၅)၊ အလက(၆)ဆိုင်ခန်း၊ အာသာဝတီလမ်း၊**
**(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၆၀၄၀၂၂၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွာဦးလမ်း၊ (ယခင် ခြံအမှတ်– ၁၃၃)၊ ခြံအမှတ်– ၆၅/က ဟုခေါ်တွင်သော (အလျား ၁၃၀ပေx အနံ ၄၀ပေ) အကျယ်ရှိ မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အနောက်ဘက်ခြမ်း (ရွာဦးလမ်းဘက်ခြမ်း)၊ (အလျား ၆၅ပေx အနံ ၂၀ပေ) အကျယ်၊ ရွာမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် (၁၂–၁၀–၂၀၁၄) ရက်စွဲပါ "မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"အရ ဦးလှထွေး [၁၂/ဥကတ(နိုင်) ၀၅၅၁၄၃]နှင့် ဒေါ်မြဝင်း [၁၂/ဥကတ(နိုင်) ၀၅၈၉၉၄]တို့က ဝယ်ယူခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးလှထွေး ကွယ်လွန်ခဲ့သဖြင့် မိမိတစ်ဦးတည်းဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၃)၊ အခြေခံပညာ အထက်တန်းကျောင်း၊ Grade 11 တွင် ပညာသင်ကြားနေသော မဝင်းသူဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးကိုစက် [၁၄/မအပ (နိုင်) ၂၅၂၆၆၈] (ကျီးချောင်းကျေးရွာအုပ်စု၊ ကတက်ခွရွာ) ဖြစ်ပါကြောင်း။ **ဦးကိုစက်**

## ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ ပညာခေတ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade– 12 တွင် ပညာသင်ကြားနေသော မချစ်စုဝေ၏ ဖခင်အမည်မှန်မှာ ဦးစန်းယု [၁၄/မမက (နိုင်) ၀၉၀၃၅၇] (မော်လမြိုင်ကျွန်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု) ဖြစ်ပါကြောင်း။

**ဦးစန်းယု**

## "ပျောက်ဆုံးကြောင်း"

(ဘ) ဦးမောင်မောင်ထွန်း၏ သား ဦးကျော်စွာထွန်း [၁၂/ဒဂတ (နိုင်) ၀၇၅၇၅၄] ကိုင်ဆောင်သော သဘော်သား မှတ်ပုံတင်စာအုပ် (CDC) 115514/SID စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉–၇၇၇၃၂၃၂၇၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် (၄၅)၊ အခန်းအမှတ် (၁၀၂)အား မူလအမည်ပေါက် ဦးဝေဖြိုးကျော် [၈/မလန (နိုင်) ၀၅၅၈၄၉]ထံမှ ဒေါ်ချွမ်ပိုင် [၄/တဇန (နိုင်) ၀၀၀၀၈၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊**
**၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အောင်ဇေယျအိမ်ရာစခန်း၊ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၆၀၂)အား အမည်ပေါက် ဒေါ်ရီရီလေး [၁၂/မဂတ(နိုင်) ၁၃၆၁၀၁] တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။**
**၀၆၇–၃၄၀၇၅၄၇**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးအေးကြူ (ဘ) ဦးစံမောင် [၁၂/လသန(နိုင်) ၀၀၅၅၁၁] အမှတ် (၄)၊ ဦးချစ်မောင်လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေထိုင်သူမှ ဒေါ်အိရတနာထွန်း (ဘ) ဦးတင်ဝင်း [၁၃/နမတ(နိုင်) ၀၄၇၆၃၂] အမှတ်(၁၂)၊ စံပယ်လမ်းသွယ်(၃)၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်သို့ (၃၀–၈–၂၀၂၂)နေ့တွင် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၅၄၇၉) အား ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

**ဦးအေးကြူ**
**[၁၂ / လသန (နိုင်) ၀၀၅၅၁၁]**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နတ်စင်ကုန်းရပ်ကွက်၊ ဘုရားလမ်း၊ ဦးပိုင်အမှတ် (၁၃၈/၄)၊ (၁၃၈/၅)၊ (၁၃၈/၆)၊ အကွက်အမှတ် (၈)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ အကွက်အမှတ် (၁၁၊ ၁၂)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်တွင် ဖော်ပြထားသည့် မြေကွက်များနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ဝယ် တရားဝင်ပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးရဲလင်းနိုင် [၁၂/သလန(နိုင်) ၁၁၂၀၀၂]ထံမှ ကျွန်ုပ်မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၃၇၀၂၅/၂၀၁၁)**
**အမှတ် (၅၀)၊ (C–3)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း –၀၉–၄၂၀၄၉၁၆၆၊ ၀၉–၇၉၉၉၃၆၉၃၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၇၂) ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၆၇/ခ) အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးကျော်စိန် (CF–125147) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်အရောင်းအဝယ် သဘောတူကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်နိုင်နိုင်လွင် [၁၂/တမန(နိုင်) ၁၉၂၇၉၂]က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဦးမျိုးမောင်မောင်စိုး** | **ဦးသီဟဇော်လတ်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၀၂၈၄/၁၅)** | **(စဉ်– ၅၅၇၉၀/၂၃)** |

**တိုက် (၁၇)၊ အခန်း (၁)၊ ကြို့ကုန်းရိပ်သာ၊ အနောက်ကြို့ကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၉၉၁၉၉၆၉**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒတ် (၁၀)လမ်း၊ အမှတ် (၆၁၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်တည်နေရာပါ လိပ်စာရှိတိုက်ခန်းကို ဦးအောင်ဇော်ဇော် [၁၂/ပဇတ(နိုင်) ၀၃၉၈၈၆]နှင့် ဦးမျိုးမင်းနိုင် [၁၂/သဃက(နိုင်) ၁၇၇၅၆၉] (ကန်ထရိုက်တာ)တို့က လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး မည်သည့်အရှုပ်အရှင်းမှုမရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဌေးဌေးဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၂၄၇၃)**
**အမှတ်(၂၆)၊ ၄–လွှာ(ခြေရင်းခန်း)၊ ကျိုက္ကဆံလမ်း၊**
**မလွကုန်းဌေးကြွယ်ကရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–5150215, 09–965150215**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)**

**သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၀**

ဒေါ်ဝတ်ရည်ဖြိုး နှင့် ၁။ ဦးကြွင်ရှိန်
၂။ ဒေါ်လှမြတ်သူ
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ (၁၈)လမ်း၊ အမှတ် (၈၈၉) နေ ဒေါ်လှမြတ်သူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တောင်ဥက္ကလာပမြို့နယ် တရားရုံး၊ ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂ အမှု၏ (၁၅-၃-၂၀၂၄) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၅)ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဋ္ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

---

## "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၇)၊ အကျယ်အဝန်း(၂၀'x၅၀')၊ ၄ထပ်ခွဲတိုက်၏ မြေညီ(ခေါင်းရင်းခန်း)ဟု ခေါ်တွင်သော တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်အကျိုးခံစား၊ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်လင်းအောင် [၁၀/ကထန(နိုင်)၀၆၅၅၃၈] ကိုယ်စား ဇနီးဖြစ်သူ ဒေါ်ခင်သီတာဦး[၁၂/ဒဂရ(နိုင်)၁၃၀၆၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးဇင်ကို [၉/မဟမ(နိုင်)၀၅၆၅၄၉] က (၁၇-၈-၂၀၂၄) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဇင်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၂၄၂၄၈၂၂**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ ဝဇီရာ (၈)လမ်း၊ အမှတ်-၁၀၉၀/ခ၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်ကျင်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးအောင်စိုး [၁၂/ဥကတ(နိုင်)၀၇၂၆၂] ကိုင်ဆောင်သူမှ ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းဝန်ခံ၍ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇင်မောင်မောင် | ဒေါ်ပြည့်ဖြိုးခိုင် | ဒေါ်မေသူနှင်း |
|---|---|---|
| (စဉ်-၁၃၀၁၁) | (စဉ်-၄၁၈၄၄) | (စဉ်-၅၃၄၈၇) |
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေများ) | |

**အမှတ်-၂၈၊မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၂၉၂၃၀၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ လူနေရပ်ကွက်အမှတ် - ရွှေကမ်းသာယာ(၃)၊ မြေကွက်အမှတ်-၁၅၇(စီ)၊ အကျယ်အဝန်း(၃၂x၅၅)ပေရှိ ဦးမောင်မောင်တိုးနှင့် ဒေါ်ခိုင်ဝင်းဟန်တို့ အမည်ပေါက်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စပါယ်ဦး[၁၂/ဗတထ(နိုင်)၀၁၀၉၅၆] ကိုင်ဆောင်သူမှ ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်းဝန်ခံ၍ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇင်မောင်မောင် | ဒေါ်ပြည့်ဖြိုးခိုင် | ဒေါ်မေသူနှင်း |
|---|---|---|
| (စဉ်-၁၃၀၁၁) | (စဉ်-၄၁၈၄၄) | (စဉ်-၅၃၄၈၇) |
| (တရားလွှတ်တော်ရှေ့နေ) | (အထက်တန်းရှေ့နေများ) | |

**အမှတ်-၂၈၊ မင်းရဲကျော်စွာ(၁၈)လမ်း၊ (၃/၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၂၉၂၃၀၄**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

